မြန်မာ့အလင်း
၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၁၀)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စင်ကာပူနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၉**

၂၀၀၆ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၁)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ စင်ကာပူ သမ္မတနိုင်ငံ သမ္မတ မစ္စတာ အက်စ်အာရ်နာသန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့ဝင်များအားလက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranond ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယမန်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ***စာမျက်နှာ ၃ ကော်လံ ၁*** ■



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General, Ruengroj Mahasaranond အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ အာဘော်
(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

# အာဆီယံအသိုက်အဝန်းတည်ဆောက်ရေး လက်တွဲဆောင်ရွက်

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို ၁၉၆၇ခုနှစ် ဩဂုတ်လ ၈ရက်နေ့တွင် စတင်ထူထောင်ခဲ့ရာ ၂၀၀၆ခုနှစ် ဩဂုတ်လ ၈ရက်နေ့တွင် (၃၉)နှစ်ရှိခဲ့ပြီဖြစ်သည်။ ထိုနေ့တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ (၃၉)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ် သဝဏ်လွှာ ပေးပို့ခဲ့သည်။

အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် လွန်ခဲ့သောနှစ်များအတွင်း ပိုမိုထက်မြက်ထွန်းတောက်လာပြီး စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရသည်။ ထို့အပြင် အာဆီယံသည် ဒေသဆိုင်ရာ အဖွဲ့အစည်းများထူထောင်မှုတွင် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့တွင် များစွာအထောက်အကူပြုလျက်ရှိသည်။

အာဆီယံ၏ ခံယူချက်များဖြစ်သော တူညီဆန္ဒအရ ဆောင်ရွက်ခြင်း၊ အပြုသဘောဆောင်သည့် တွေးခေါ်မြော်မြင်မှုရှိခြင်း၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှု မပြုခြင်း စသည်တို့ကြောင့် ဒေသတွင်းရှိ နိုင်ငံကြီးများအကြားတွင် အောင်မြင်မှုရှိသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် အခိုင်အမာရပ်တည်နိုင်ခဲ့သည်။

အာဆီယံသည် သက္ကရာဇ် ၂၀၂၀အမီ အာဆီယံအသိုက်အဝန်းတစ်ရပ် တည်ဆောက်နိုင်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ အာဆီယံအနေဖြင့် ဆင်းရဲမှုနှင့်လူမှုစီးပွားမညီမျှမှုစသည့် ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရေးကို အဓိကရင်ဆိုင် ဖြေရှင်းနေရသည်။

အာဆီယံအသိုက်အဝန်း တည်ဆောက်ရာတွင် သိသာထင်ရှားသည့် ခြေလှမ်းတစ်ရပ်မှာ အာဆီယံ ပဋိညာဉ်စာတမ်း ပေါ်ထွန်းလာရေးဖြစ်သည်။ အာဆီယံ ပဋိညာဉ်စာတမ်းသည် အာဆီယံအဖွဲ့ကြီး၏ ဥပဒေကြောင်းအရ ရပ်တည်မှုကို အထောက်အကူပြုမည်ဖြစ်သည့်အပြင် (၂၁)ရာစုနှစ်အတွက် လမ်းညွှန်သဖွယ် ဖြစ်ပေါ်လာမည် ဖြစ်သည်။

တစ်ဖက်တွင်လည်း အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှုများ၊ နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် မကြာခဏ ဖြစ်ပေါ်လျက်ရှိသော သဘာဝဘေးအန္တရာယ်တို့ကိုလည်း ပိုမိုထိရောက်စွာ ဆောင်ရွက်နေသည်။ အဆိုပါ စိန်ခေါ်မှုများကို ဆွေးနွေးဖက်နိုင်ငံများနှင့်သာမက အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းတို့နှင့်ပါ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အာဆီယံသည် အသိုက်အဝန်းတစ်ရပ်အဖြစ်သို့ ပေါင်းစည်းလာချိန်တွင် ယုံကြည်ချက်၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ဘာသာစကားပေါင်းစုံရှိကြသည့် အာဆီယံနိုင်ငံများအကြား နားလည်သဘောပေါက်စွာ အတူတကွ ယှဉ်တွဲနေထိုင်သွားရမည် ဖြစ်သည်။ အာဆီယံအဖွဲ့ကြီး၏ ဆောင်ရွက်ချက်များတွင် ပြည်သူများက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန်လိုပေသည်။

အာဆီယံ၏ စဉ်ဆက်မပြတ် တိုးတက်မှု၊ လက်ရှိနှင့် အနာဂတ်ကာလများ၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မှုသည် စိတ်အားထက်သန်တက်ကြွသော လူငယ်များပေါ်တွင် များစွာမူတည်နေသည်။ အာဆီယံနိုင်ငံများမှ လူငယ်ထုသည် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး မျှော်မှန်းချက်ကို သိရှိနားလည်ရန် လိုအပ်သကဲ့သို့ ၁၀နိုင်ငံစလုံးပါဝင်သော အသိုက်အဝန်းတစ်ရပ် တည်ဆောက်ရေးအတွေးအခေါ်ကို ခံယူထားရှိရန် လိုအပ်သည်။

ငြိမ်းချမ်းတည်ငြိမ်ပြီး သာယာဝပြောသော အသိုက်အဝန်းတစ်ရပ် တည်ဆောက်ရာတွင် လူငယ်မျိုးဆက်သစ်တို့အား လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်သွားနိုင်သည့် စွမ်းရည်ထူထောင်ပေးရန် လိုအပ်သည်။ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးရည်မှန်းချက် ဖြစ်မြောက်စေရေးအတွက် အာဆီယံ ၁၀နိုင်ငံမှ ပြည်သူအားလုံးက လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားတွင် မိခင်နို့စနစ်တကျ တိုက်ကျွေးရေးနှင့် မိခင်နို့အစားထိုးကြော်ငြာများနှင့်ပတ်သက်၍ သတိပြုရမည့် အချက်များကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

## ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၈

**ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်း စစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။**

### တက်ရောက်

အခမ်းအနားသို့ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တပ်ရင်း/တပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲ ဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မိခင်နို့ စနစ်တကျတိုက်ကျွေးရေးနှင့် မိခင်နို့ အစားထိုး ကြော်ငြာများနှင့်ပတ်သက်၍ သတိပြုရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

### ပညာပေးဟောပြော

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းက မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောသည်။

### ဂုဏ်ပြုလက်ဆောင်ပေး

ယင်းနောက် ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင် ဒေါ်နန်းလှစီက ပညာပေးဟောပြောပေးသောဒေါက်တာ ဒေါ်နွယ်နီအုန်းအား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ထောက်ပံ့ပစ္စည်းများပေးအပ်

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် သားဖွားမိခင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၉-၈-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မေတ္တာသည်သာ”** (အပိုင်း-၄၃)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သတ္တိဗျတ္တိ”** (အပိုင်း-၂၁)ဇာတ်သိမ်းပိုင်း

## သုံးထပ်ကျောင်း ဆောက်လုပ်ရေး လှူဒါန်းနိုင်

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်း အမှတ်(၅)ရပ်ကွက် ခမ္မပါလလမ်းရှိဗိုဓိပိဋကရေဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိရောဓန တည်ထောင်အုပ်ချုပ်သော မဟာသုခါရာမစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသည့် သောတုဇနသုံးထပ်ကျောင်းတော်ကြီးအတွက် အလှူရှင်များ လိုအပ်လျက်ရှိရာ လှူဒါန်းလိုပါက ကျောင်းတိုက်ဖုန်း- ၀၁-၆၅၁၅၀၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

**(က-ပ)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၉-၈-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ အောင်မြင်ကျော်ကြား စီးပွားရေးလုပ်ငန်းရှင်များ (ရွှေပင်ငွေပင် ဦးသန်းထွန်း)
- ၇:၂၀ တေးဂီတအစီအစဉ်
- ၇:၂၅ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
- ၇:၄၅ တေးဂီတအစီအစဉ်
- ၇:၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၇:၅၅ ဆုရအက
- ၈:၀၀ နိုင်ငံတကာ အနုပညာရေးရာ
- ၈:၂၅ တေးဂီတအစီအစဉ်
- ၈:၃၀ သွင်းကုန်အစားထိုး စံချိန်မီ မော်တာပန်ကာကြိုး
- ၈:၄၅ တေးဂီတအစီအစဉ်
- ၈:၅၀ ပတ္တလားနှင့် နစ္စဂီတတေးပဒ္ဒင်
- ၉:၀၅ ပြည်တွင်း သတင်းအကျဉ်း
- ၉:၁၅ သစ်ကောင်းတစ်ပင် (ရန်ပိုင်စိုး၊ မောင်ဂဠုန်)
- ၉:၃၀ တေးဂီတအစီအစဉ်
- ၉:၃၅ ကမ္ဘာ့အမြင် ကမ္ဘာ့စီးပွား
- ၁၀:၀၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၁၀ စက်မောင်းဆီအစားထိုးနိုင်ဖို့ ပရိဂျူဆာဂက်စ်ကို သုံးကြစို့
- ၁၀:၃၀ တေးဂီတအစီအစဉ်
- ၁၀:၃၅ Myanmar Video Rhythm
- ၁၁:၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၃၅ မှိုအသားမျှင် တစ်သျှူးမျိုးပွားနည်း
- ၁၁:၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၅၅ တေးဂီတအစီအစဉ်
- ၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**



■ **ရှေ့ဖုံးမှ**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General, Ruengroj Mahasaranond ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Colonel, Prissapa Suvanatat တို့တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General, Ruengroj Mahasaranond နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

(သတင်းစဉ်)

● **ကျောဖုံးမှ**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်မြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်နှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosalနှင့် စစ်သံမှူး Colonel, Prissapa Suvanatatနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ၌ ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် မြဝတီရုပ်မြင်သံကြားတို့မှ အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

**(သတင်းစဉ်)**

# ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့်ဇနီး ဦးဆောင်သည့်ချစ်ကြည်ရေးအဖွဲ့ဝင်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ကြိုဆိုနှုတ်ဆက်



**ရန်ကုန် ဩဂုတ် ၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် နေပြည်တော်၌ ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranondနှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နေပြည်တော် လေဆိပ်မှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ်ဖြင့် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရောက်ရှိလာကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranond နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ရေယာဉ်တပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးအေးဖေ၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ခင်ဇော်၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဝဲအပေါ်ပုံ)**

**ပို့ဆောင်နှုတ်ဆက်**

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် မြရိပ်ညိုဟိုတယ်သို့ ထွက်ခွာသွားကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

## ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်/ဆက်ဝန်ထမ်းများ လုပ်ငန်းခွင်အရည်အချင်းတိုးတက်ရေးမွမ်းမံသင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းက ကြီးမှူးဖွင့်လှစ်သော ရန်ကုန်အနောက်ပိုင်းခရိုင် ဝန်ထမ်းများ လုပ်ငန်းခွင် အရည်အချင်းပြည့်ဝတိုးတက်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲကို ဩဂုတ် ၇ရက် နံနက် ၉နာရီက ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်း ပြန်/ဆက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်၊ ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး ဦးစီးအရာရှိ ဦးတင်ကို၊ ဗဟန်း၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ လှိုင်၊ မရမ်းကုန်း၊ အလုံ၊ လသာ၊ ဒဂုံ၊ ဆိပ်ကမ်းရုံးများမှ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၆ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်သည်။

အလားတူ သင်တန်းကို ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး အင်းစိန်တွင် ယနေ့ ဖွင့်လှစ်ရာ သင်တန်းသား၊ သင်တန်းသူ ၂၄ဦးတက်ရောက်ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဂျီ-၂၀ အစည်းအဝေးဘရာဇီးနိုင်ငံတွင် ကျင်းပမည်

ရီရိုဒီဂျနေးရိုး ဩဂုတ် ၈

**ဘရာဇီးနိုင်ငံ ရီရိုဒီဂျနေးရိုးမြို့တွင် လာမည့်စက်တင်ဘာ ၉ ရက် မှ ၁၀ ရက်အထိ ဂျီ-၂၀ အစည်းအဝေးကို ကျင်းပမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၄ ရက်၌သတင်းထုတ်ပြန်သည်။**

ဂျီ-၂၀ တို့အနေဖြင့် အစည်းအဝေးပြင်ပတွင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပတ်သက်သည့်ဆွေးနွေးပွဲ တစ်ရပ်ကို ပြုလုပ်မည်ဖြစ်ကြောင်းလည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) အတွင်းရေးမှူး ပါစကယ်လာမီက ပြောကြားသည်။

## ဖွံ့ဖြိုးတိုးတက်

ယခုအစည်းအဝေးကို တက်ရောက်မည့်ဖွံ့ဖြိုးဆဲနိုင်ငံများအား ဘရာဇီးနှင့် အိန္ဒိယနိုင်ငံတို့က ဦးဆောင်ကာ ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ပြီး ဒိုဟာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ ပီပြင်စေရေး ဖွံ့ဖြိုးပြီးနိုင်ငံများကို တွန်းအားပေးမည်ဖြစ်သည်။

## ကြိုးပမ်း

ဂျီ-၂၀ နိုင်ငံများ အစည်းအဝေးသည် ဆင်းရဲနွမ်းပါးသော နိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအကြား လွတ်လပ်သော ကုန်သွယ်ရေးထူထောင်နိုင်မှုတွင် ညွှန်ကြားချက်နှင့် စည်းကမ်းများကို ထုတ်ပြန်ထားသည့် အတားအဆီးများအား ဖယ်ရှားပစ်နိုင်ရေး ကြိုးပမ်းမည်ဖြစ်ကြောင်း ပါစကယ်လာမီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



တရုတ်နိုင်ငံ ဟေလုံကျန်ပြည်နယ် ဟာဘင်မြို့တွင် ကျင်းပသည့် (၂၈)ကြိမ်မြောက် နွေရာသီ ဂီတဖျော်ဖြေပွဲ ဖွင့်ပွဲအခမ်းအနား၌ စန္ဒရား ၁၀၀၀ကို တစ်ပြိုင်တည်း တီးခတ်နေသည်ကို ဩဂုတ်၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အိပ်(ချ်)အိုင်ဗွီ သုတေသနလုပ်ငန်းအတွက် ဂိတ်ဖောင်ဒေးရှင်းက ဒေါ်လာ ၂၈၇သန်း လှူဒါန်း

ဝါရှင်တန် ဩဂုတ် ၈

အိပ်(ချ်)အိုင်ဗွီ/ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးဆေးဝါးများ တီထွင်ထုတ်လုပ်ရေးအတွက် အမေရိကန် သူဌေးဘီလ်ဂိတ်၏ ဘီလ်စင်မက်ဒါ ဂိတ်ဖောင်ဒေးရှင်းက အမေရိကန် ဒေါ်လာ ၂၈၇သန်းလှူဒါန်းရန် ကတိပြုလိုက်သည်။

အဆိုပါ လှူဒါန်းငွေကို ကမ္ဘာပေါ်ရှိ သိပ္ပံပညာရှင်အဖွဲ့များသို့ ၁၆အုပ်စုခွဲကာ ထောက်ပံ့မည်ဟုသိရသည်။

## သဘောတူ

အဆိုပါ ထောက်ပံ့ငွေရယူသုံးစွဲမည့် သိပ္ပံပညာရှင်များသည် အပြိုင်အဆိုင်စီမံကိန်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြသည့်တိုင် စူးစမ်းတွေ့ရှိချက်များကို မျှဝေအသိပေးရန် သဘောတူညီကြသည်ဟုဆို၏။

ကမ္ဘာပေါ်တွင် အိပ်(ချ်)အိုင်ဗွီ/ အေအိုင်ဒီအက်စ်စွဲကပ်သူ သန်း ၄၀ ကျော်ရှိသည်ဟု ယုံကြည်ရသည်။

## အများဆုံး

ဂိတ်ဖောင်ဒေးရှင်းအနေဖြင့် အိပ်(ချ်)အိုင်ဗွီ/ အေအိုင်ဒီအက်စ် သုတေသနလုပ်ငန်းတွင် ဤအကြိမ်တွင် ငွေကြေးပမာဏအများဆုံး စိုက်ထုတ်လှူဒါန်းခြင်းဖြစ်ကြောင်း ဂိတ်ဖောင်ဒေးရှင်းမှ ဒေါက်တာနီကို လပ်ပဟဲမန်းက ပြောဆိုသည်။ **(အင်တာနက်)**



**အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပသည့် အေအိုင်ဒီအက်စ်ဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် ဂိတ်ဖောင်ဒေးရှင်းမှ မစ္စတာဘီလ်ဂိတ် ရှင်းလင်းနေစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်၌ လေယာဉ်ငယ်တစ်စင်း ပျက်ကျ

နယူးယောက် ဩဂုတ် ၈

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် အိဟာဘောရာအရပ်တွင် လေယာဉ်ငယ်တစ်စင်းပျက်ကျမှု ဖြစ်ပွားခဲ့ကြောင်း လေယာဉ်ပျက်ကျမှုမှာ ဩဂုတ် ၄ ရက်၌ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေယာဉ်သည် အင်ဂျင်တစ်လုံးတပ် လေယာဉ်ဖြစ်ပြီး လေယာဉ်ပျက်ကျချိန်၌ လေယာဉ်မှူးမှာ လေယာဉ်မှ ခုန်ထွက်နိုင်ခဲ့ကြောင်း အမေရိကန်လေကြောင်း စီမံအုပ်ချုပ်ရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပျက်ကျခဲ့သော လေယာဉ်မှာ အင်ဂျင်စက်ချို့ယွင်းမှုကြောင့်ဖြစ်ပြီး အနီးရှိလယ်ကွင်းပေါ်သို့ ထိုးဆင်းခဲ့ရသည်။ လေယာဉ်မှူးမှာ ဘေးကင်းစွာ ခုန်ထွက်နိုင်ခဲ့သော်လည်း ဒဏ်ရာရရှိခဲ့သည်။ ၎င်းဒဏ်ရာများကို ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

**အီသီယိုးပီးယားနိုင်ငံ အရှေ့ပိုင်း ဒိုင်ရေဒါဝါမြို့တွင် ရေလွှမ်းမှုကြောင့် မြစ်ရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်နေသည်ကို ဩဂုတ် ၇ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# အီသီယိုးပီးယား၌ ရေလွှမ်း၊ လူ ၂၀၀ ကျော်သေဆုံး

ဒိုင်ရေဒါဝါ ဩဂုတ် ၈

အီသီယိုးပီးယားနိုင်ငံ အရှေ့ပိုင်း ဒိုင်ရေဒါဝါမြို့တွင် ယခုရက်ပိုင်းအတွင်း ရေလွှမ်းမှုကြောင့် လူ ၂၀၀ ခန့်သေဆုံးပြီး လူအများအပြား ပျောက်ဆုံးလျက်ရှိကြောင်း အီသီယိုးပီးယားရဲတပ်ဖွဲ့က ဩဂုတ် ၇ ရက်၌ ပြောကြားသည်။

ရေလွှမ်းမှုမှာ ဒေချာတူမြစ်ရေလျှံမှုကြောင့်ဖြစ်ပြီး ဩဂုတ် ၆ ရက် ညနေပိုင်း၌ ဒိုင်ရေဒါဝါမြို့အတွင်း ရေများစီးဝင်ခဲ့ရာမှ ရေနစ်မြုပ်မှုနှင့် မျောပါမှုတို့ကြောင့် သေဆုံးမှုနှင့် ပျောက်ဆုံးမှုတို့ဖြစ်ခဲ့ရကြောင်း သိရသည်။ အီသီယိုးပီးယားနိုင်ငံ၌ ယခုရေလွှမ်းမှုကြောင့် ပျောက်ဆုံးသူများမှာ လူ ၃၀၀ ကျော်ရှိမည်ဟု အီသီယိုးပီးယားအရာရှိများက ခန့်မှန်းပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

# အီရတ်သို့ ကန်တပ်ဖွဲ့ဝင်များစေလွှတ်ရေး ရီပတ်ဘလီကင် လွှတ်တော်အမတ် ဆန့်ကျင်

ဝါရှင်တန် ဩဂုတ် ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်သို့ အမေရိကန် တပ်ဖွဲ့ဝင်များ နောက်ထပ်စေလွှတ်ရေးမှာ တာဝန်မဲ့ပြီး မှားယွင်းမည်ဖြစ်ကြောင်း နီဘရာစကာ အထက်လွှတ်တော်အမတ် ချပ်ဟေဂယ်က တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

အထက်လွှတ်တော်အမတ် ချပ်ဟေဂယ်သည်သမ္မတဘုရှ်၏ အီရတ်ရေးရာမူဝါဒကို မကြာခဏဝေဖန်သည့် ရီပတ်ဘလီကင်မှ အမတ်ဖြစ်သည်။

ဘဂ္ဂဒက်မြို့သို့ အမေရိကန် တပ်ဖွဲ့ဝင်များ အလုံးအရင်းဖြင့် ထပ်မံစေလွှတ်ခြင်းကြောင့် အီရတ်နိုင်ငံ၌ ပိုမိုအရှိန်မြင့်လာသည့် ဂိုဏ်းဂဏစွဲ သတ်ဖြတ်မှုများ လျော့နည်းသွားမည် မဟုတ်ကြောင်း အမေရိကန် ရီပတ်ဘလီကင် အထက်လွှတ်တော်အမတ် ဟေဂယ်က ပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုအဖို့ အီရတ်နိုင်ငံတွင် မည်သည့်နည်းနှင့်မျှ ကောင်းတော့မည်မဟုတ်ကြောင်း၊ မျှော်လင့်ချက်ကင်းမဲ့ပြီး နိုင်ချေမရှိသည့်အခြေအနေ အတွင်း တပ်ဖွဲ့ဝင်များ ပေးပို့ခြင်းမှာ မှားယွင်းကြောင်း ဖြင့်လည်း ၎င်းကပြောဆိုသည်။

**အမ်အင်အေ၊ရိုက်တာ**

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**

## တိုက်ခိုက်

**လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့အား အစ္စရေးတို့ လေကြောင်းမှ တိုက်ခိုက်နေသည်ကို ဩဂုတ် ၇ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# ကုလသမဂ္ဂဆုံးဖြတ်ချက်မူကြမ်း လက်ဘနွန်လက်မခံ

ဘေရွတ် ဩဂုတ် ၈

**ပြင်သစ်နှင့် အမေရိကန် သဘောတူသည့် ကုလသမဂ္ဂဆုံးဖြတ်ချက် မူကြမ်းမှာ လက်ဘနွန်၊ အစ္စရေး အကျပ်အတည်းဖြေရှင်းရေး လက်ဘနွန်၏ အချက်ခုနစ်ချက်ပါအစီအစဉ်နှင့် မကိုက်ညီသည့်အတွက် လက်ဘနွန်က လက်မခံဘဲ ငြင်းဆိုလိုက်ကြောင်း လက်ဘနွန်ပါလီမန်ဥက္ကဋ္ဌ နဘီဘာရီက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။**

နိုင်ငံရေးအရ ဖြေရှင်းရေးကို ဦးတည်သည့် ပထမခြေလှမ်းအဖြစ် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့အကြား တိုက်ခိုက်မှုကို အဆုံးသတ်ရန် တောင်းဆိုသော ဆုံးဖြတ်ချက်မူကြမ်းကို ပြင်သစ်နှင့် အမေရိကန်တို့က စနေနေ့တွင် သဘောတူလိုက်သည်။

သို့သော် အဆိုပါ ပူးတွဲအဆိုပြုချက်မှာ အစ္စရေးဘက်ကို မျက်နှာလိုက်သည်ဟု နဘီဘာရီက ဝေဖန်လိုက်သည်။ စစ်ဆင်ရေး အားလုံးရပ်ရန် တောင်းဆိုခြင်းမှာ အစ္စရေးတပ်ဖွဲ့ဝင်များအား လက်ဘနွန်ပိုင်နက် နယ်မြေအတွင်း၌ပင် ရှိနေစေပြီး နောက်ထပ်ဆွေးနွေးပွဲနှင့် စေ့စပ်ညှိနှိုင်းမှုများ မပြုလုပ်မချင်း အစ္စရေးတို့အား တပ်စွဲထားခွင့်ပေးသလိုဖြစ်နေသည်ဟုလည်း ထောက်ပြလိုက်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာ့ဆဲလ်ဖုန်း ရှစ်လုံးထုတ်လုပ်တိုင်း တရုတ်နိုင်ငံ ရှင်ကျင့်မြို့၌ တစ်လုံးထုတ်လုပ်နေ

ရှန်ကျန်း ဩဂုတ် ၈

**တရုတ်နိုင်ငံတောင်ပိုင်း စီးပွားရေးမြို့ဖြစ်သော ရှင်ကျင့်မြို့တွင် ယခုနှစ်၌ ဆဲလ်ဖုန်းထုတ်လုပ်မှုအနေဖြင့် ဖုန်းအလုံးပေါင်းသန်း ၁၀၀ခန့် ရှိမည်ဖြစ်ရာ ယင်းနှုန်းသည် ကမ္ဘာ့ဆဲလ်ဖုန်းထုတ်လုပ်မှု ရှစ်လုံးတိုင်းတွင် တစ်လုံးထုတ်လုပ်သည့်နှုန်းဖြစ်ကြောင်း သိရသည်။**

ရှင်ကျင့်စီးပွားရေးဇုန်တွင် ဆဲလ်ဖုန်းထုတ်လုပ်သည့်လုပ်ငန်းပေါင်း ၁၀၀ ခန့်ရှိရာ ပြည်တွင်းဆဲလ်ဖုန်းထုတ်လုပ်သူများမှာ သုံးပုံတစ်ပုံခန့်ရှိသည်ဟု ရှင်ကျင့်ဝါယာလက် ဆက်သွယ်ရေးအဖွဲ့မှထုတ်ပြန်သော စာရင်းဇယား၌ ဖော်ပြသည်။

**ထုတ်လုပ်**

နိုကီယာနှင့် မိုတိုရိုရာဆဲလ်ဖုန်း ထုတ်လုပ်ရေးလုပ်ငန်းများက နှစ်စဉ် ဆဲလ်ဖုန်းအလုံးရေ ၁၅ သန်းခန့် ထုတ်လုပ်နေပြီး ဆမ်ဆောင်းနှင့်ဖီးလစ်တို့က နှစ်စဉ် ဆဲလ်ဖုန်းအလုံးရေ ၁၀ သန်းခန့် ထုတ်လုပ်လျက်ရှိသည်။

**အစိတ်အပိုင်း**

ထိုသို့ဆဲလ်ဖုန်းများထုတ်လုပ်သည့်နည်းတူ ရှင်ကျင့်တွင် ဆဲလ်ဖုန်းတစ်ခုတွင် ပါဝင်သောအစိတ်အပိုင်းပေါင်း ၂၀၀ခန့်ကိုလည်း ထုတ်လုပ်လျက်ရှိသလို ဆဲလ်ဖုန်းဒီဇိုင်းပုံစံထုတ်လုပ်သည့် ကုမ္ပဏီပေါင်း ၁၀၀ကျော်ရှိသည်။

အဆိုပါ ရှင်ကျင့်မြို့သည် ဆဲလ်ဖုန်းထုတ်လုပ်ရေးလုပ်ငန်းများမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၅ သန်း ရရှိကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**အမေရိကန်နိုင်ငံတွင် အပူလှိုင်းကျရောက်မှုကြောင့် နယူးယောက်မြို့ကမ်းခြေ၌ အအေးခံနေသူများကို ဩဂုတ် ၂ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# နယူးယောက်မြို့တွင်အပူလှိုင်းကျရောက်မှု လူ ၂၀သေဆုံး

နယူးယောက် ဩဂုတ် ၈

**နယူးယောက်မြို့တွင် ယခုသီတင်းပတ်အစောပိုင်းက အပူလှိုင်းကျရောက်မှုကြောင့် လူ၂၀သေဆုံးခဲ့ရကြောင်း နယူးယောက်မြို့ ကျန်းမာရေးဆိုင်ရာဌာနက ဩဂုတ် ၅ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။**

ဩဂုတ် ၅ ရက်က နယူးယောက်မြို့တွင် သေဆုံးသူ လူ ၁၀ ဦးကို ရင်ခွဲစစ်ဆေးကြည့်ရာ၌ အပူလှိုင်း ကျရောက်မှုကြောင့် သေဆုံးရသူများဖြစ်ကြောင်း နယူးယောက်မြို့ ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးဌာနက အတည်ပြုခဲ့သည်။

နောက်ထပ်သေဆုံးသူ ၁၀ဦးမှာ ဘရွတ်ကလင်းနှင့် ကွင်းစ်ရပ်ကွက်များမှဖြစ်ကြောင်း ဘရွတ်ကလင်းတွင် နှစ်ဦးနှင့် ကွင်းစ်ရပ်ကွက်၌ ရှစ်ဦး သေဆုံးခဲ့ရသည်။ သေဆုံးသူများမှာ အသက် ၅၂ နှစ်မှ ၉၉နှစ် အကြား ရှိသူများဖြစ်ကြောင်း သိရသည်။

နယူးယောက်မြို့တွင် အပူလှိုင်းကျရောက်မှု ဖြစ်ပွားလျက်ရှိနေရာ သေဆုံးသူများ၏ အရေအတွက် တိုးတက်လာဖွယ်ရှိကြောင်း နယူးယောက်မြို့ ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးဌာနက ပြောကြားသည်။

နယူးယောက်၌ အပူလှိုင်းကျရောက်မှုကြောင့် လျှပ်စစ်ဓာတ်အားများပြတ်တောက်ထားခဲ့ရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်ပြည်တွင် ငလျင်ကြောင့် အသေအပျောက် အများဆုံးဖြစ်

**ရှီကျာကျောင် ဩဂုတ် ၈**

တရုတ်ပြည်မကြီးတွင် မြေငလျင်ကြောင့် သေဆုံးသူဦးရေသည် အခြားသော သဘာဝဘေးကြောင့် သေဆုံးရသူများထက် ပိုမိုများပြားကြောင်း တရုတ် မြေငလျင်တိုင်းတာရေးအရာရှိ ဟွမ်ကျန်ဖာက ပြောကြားသည်။

**၅၄ ရာခိုင်နှုန်း**

၁၉၄၉ ခုနှစ် နောက်ပိုင်း သဘာဝဘေးကြောင့် သေဆုံးရသူများတွင် မြေငလျင်ကြောင့် သေဆုံးရသူ ၅၄ရာခိုင်နှုန်းရှိသည်ဟု မစ္စတာ ဟွမ်ကျန်ဖာက စနေနေ့တွင် ပြောဆိုသည်။

မိုးသည်းထန်ရေလွှမ်းမှုကြောင့် သေဆုံးသူဦးရေမှာ ၄၀ ရာခိုင်နှုန်းရှိသည်ဟု ဆို၏။

**ပျက်စီး**

တရုတ်ပြည်တွင် သဘာဝဘေးအန္တရာယ်ကြောင့် နှစ်စဉ် ပြည်သူသန်း ၂၀၀တို့ ဒုက္ခရောက်ကြရပြီး သီးနှံဟက်တာ သန်း၄၀ ပျက်စီးဆုံးရှုံးခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# အာဂျင်တီးနားတွင် ငလျင်လှုပ်

ဗျူနိုအေးရစ် ဩဂုတ် ၈

**အာဂျင်တီးနားနိုင်ငံတွင် ဩဂုတ် ၅ရက် နံနက်ပိုင်းက အင်အားပြင်းသော မြေငလျင်တစ်ခုလှုပ်ခဲ့မှုကြောင့် အဆောက်အအုံများပျက်စီးမှုရှိခဲ့ကြောင်း၊ သို့သော် ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရှိကြောင်း အာဂျင်တီးနားနိုင်ငံ ငလျင်ဗျူရိုက ပြောကြားသည်။**

အဆိုပါမြေငလျင်သည် အာဂျင်တီးနားနိုင်ငံ မင်ဒိုဇာမြို့ အရှေ့တောင်ဘက် ၂၇ကီလိုမီတာအကွာတွင် ဒေသစံတော်ချိန် နံနက် ၁၁နာရီ ၀၃မိနစ်က လှုပ်ခဲ့ခြင်းဖြစ်ပြီး ငလျင်ပြင်းအားမှာ ရစ်ချ်တာစကေး ၅ဒသမ ၇ရှိကြောင်း ၎င်းငလျင်ဗျူရိုက ပြောကြားသည်။

ငလျင်လှုပ်မှုကြောင့် အဆောက်အအုံအချို့ ပြတင်းပေါက်များ ပြုတ်ကျပျက်စီးပြီး အချို့အဆောက်အအုံများ အက်ကွဲသွားသည်။ ဒေသခံများ အနေဖြင့် အိုးအိမ်များပေါ်တွင် နေထိုင်ခြင်း မပြုကြရန် အာဏာပိုင်များက ဆော်ဩထားသည်။

၎င်းဒေသတွင် ၁၉၈၅ခုနှစ်က ရစ်ချ်တာစကေး ၆ရှိသော ငလျင်တစ်ခုလှုပ်ခဲ့ရာ လူခြောက်ဦး သေဆုံးခဲ့ပြီး အိုးအိမ် ၁၂၅၀၀ခန့် ပျက်စီးခဲ့ရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အစ္စရေးစစ်သားနှစ်ဦးကို ပြန်ပေးဆွဲခဲ့သူ ဟစ်ဇ်ဘိုလာတစ်ဦးအား ဖမ်းဆီးရမိထားဟုဆို

**ဂျေရုဆလင် ဩဂုတ် ၈**

ဇူလိုင် ၁၂ရက်က နယ်စပ်ဖြတ်ကျော်ပြီး အစ္စရေးစစ်သားနှစ်ဦးကိုဖမ်းဆီးပြန်ပေးဆွဲရာတွင် ပါဝင်သည်ဟု သင်္ကာမကင်းသူ ဟစ်ဇ်ဘိုလာ စစ်သွေးကြွတစ်ဦးကို အစ္စရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိကြောင်း အစ္စရေးသတင်းစာဟာရက်က တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

**မေးမြန်းစစ်ဆေး**

လက်ဘနွန်နိုင်ငံတွင်း ထိုးစစ်တစ်ခုအတွင်း အဆိုပါ ဟစ်ဇ်ဘိုလာ ပြန်ပေးသမားကို ဖမ်းမိပြီး ယခု မေးမြန်းစစ်ဆေးလျက်ရှိကြောင်း အစ္စရေးစစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်အေမို့စ်ယတ်လင်က အပတ်စဉ် အစိုးရအဖွဲ့အစည်းအဝေးတွင် ပြောကြားလိုက်သည်ဟုဆိုသည်။

အစ္စရေးတပ်များနှင့် ဟစ်ဇ်ဘိုလာ ပြောက်ကျားတို့၏ ၂၆ ရက်ကြာ တိုက်ခိုက်မှုများအတွင်းတွင် လက်ဘနွန်တို့ဘက်မှ လူ ၉၀၀ခန့်နှင့် အစ္စရေးတို့ ဘက်မှ လူ ၇၀ကျော် သေဆုံးခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## မီးတုတ်ကိုပါးစပ်အတွင်း သွင်းပြသူ

**မီးတုတ်တစ်ခုကို ပါးစပ်အတွင်းသွင်းပြနေသူ အမျိုးသားတစ်ဦးကို တွေ့ရစဉ်။**(အောက်ပုံ)

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ ဆင်ခြေဖုံးရှိ ကွီဇုန်အရပ်တွင် ဖိလစ်ပိုင်နိုင်ငံသား အမျိုးသားတစ်ဦးက မီးစွဲတောက်လောင်နေသော မီးတုတ်တစ်ခုကို ၎င်း၏ပါးစပ်အတွင်း အချိန်အတန်ကြာထည့်ပြကာ စွမ်းရည်ပြသခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**





## ကမ္ဘာ့အရှည်ဆုံးကဗျာ

**ကမ္ဘာပေါ်တွင် အရှည်ဆုံး ကဗျာတစ်ပုဒ်ကို တွေ့ရစဉ်။** (အပေါ်ပုံ)

အဆိုပါ ကဗျာကို ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်း ချန်ပီရာမြို့ပြင်ရှိ မော်တော်ကားလမ်း တစ်ခုပေါ်တွင် ရေးဖွဲ့ထားခြင်းဖြစ်ရာ ၎င်းကဗျာ၏ အရှည်သည် တစ်ကီလိုမီတာရှိကြောင်း သိရသည်။ ၎င်းကဗျာကို ပြင်သစ်နိုင်ငံသား ပက်ထရစ်ဟုဒ်က ရေးသားစပ်ဆိုခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ မေတ္တာအခါတော်နေ့ကျင်းပ



**ရန်ကုန် ဩဂုတ် ၈**

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာတွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ သက်လွှတ်ပွဲနှင့် မေတ္တာပို့ ရွတ်ဆိုပူဇော်ပွဲအခမ်းအနားမင်္ဂလာကို ရိပ်သာအတွင်း မဟာစည်မွှေ့ရုံကြီး၌ ယနေ့နံနက် ၈ နာရီတွင်ကျင်းပရာ ဟိတေသီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ကာ မေတ္တာအခါတော်နေ့ မင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

အစီအစဉ်အရ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က သတ္တဝါများအပေါ် မေတ္တာထားကြရန်နှင့် သက်သတ်လွှတ်စားခြင်း၏ အကျိုးသက်ရောက်မှုများကို တင်ပြပြီး ကိုးမိုင်မဟာစည် ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)က မေတ္တာဘာဝနာ ပွားပုံများကို ရှင်းလင်းဟောကြားတော်မူသည်။

**ဂုဏ်ပြုလွှာ**

ဆက်လက်၍ ဆရာလေး ဒေါ်ပညာရီက ၎င်း၏(၅၅)နှစ်မြောက် မွေးနေ့မင်္ဂလာအဖြစ် မေတ္တာအခါတော်နေ့သို့ ပါဝင် ဆင်နွှဲကြသော ရဟန်းရှင် လူအပေါင်းအား သက်သတ်လွတ် မေတ္တာဆွမ်းလှူဒါန်းပြီး ဒေါက်တာတင်ခိုင်မြင့်က အလှူရှင် အသီးသီးတို့ကို ဖတ်ကြားကြေညာ၍ ဂုဏ်ပြုလွှာချီးမြှင့်သည်။

**ဘေးမဲ့လွှတ်**

ထို့နောက် စာကလေး အကောင် ကိုးရာကျော် **(ဝဲပုံ)** ကို ကျောင်းပရဝဏ်အတွင်း ဘေးမဲ့လွှတ်ပြီး ငါးအကောင် တစ်ထောင်ကျော်ကို မဟာမေ့ပါလကုန်းမြေ စွယ်တော်ကန်၌ ဘေးမဲ့လွှတ်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

**ဇူလိုင် ၂၈ ရက်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခွဲ၏ ယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ကမာရွတ်)တွင် ကျင်းပစဉ်။** (သတင်းစဉ်)







**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်(ဖဆပလ) တိုက်(၈) အခန်း ၁၇ နေ ဦးဝင်းနိုင်–ဒေါ်ခင်မြဝင်း(သာလွန် စာအုပ်ပုံနှိပ်တိုက်)မိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းလှူဒါန်းရာ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)၊ အမှုဆောင်ဆရာတော် ဦးဝိနယရေဝံသ မေဒိနီစာသင်တိုက်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။** (က–ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး အနောက်ရပ်ကွက် ပိတောက်ပင်လမ်း အမှတ် ၁၆ နေ ဦးမေအောင်၊ သား ကိုအေးအောင်၊ သမီး ခင်မျိုးသစ်မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်အာစိဏ္ဏ(သာသနဓဇ ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)



# မိုင်လေးသောင်းကျော် ပျံသန်းလာသော ငှက်

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ပင်လယ်ငှက်တစ်ကောင်အား ပျံသန်းသွားရာ လမ်းတစ်လျှောက် သိရှိနိုင်သည့် အီလက်ထရွန်နစ်ပစ္စည်းတစ်ခုကို တပ်ဆင်ပေးထားရာ နှစ်စဉ် ခရီးမိုင်ပေါင်း ၄၀၀၀၀ ကျော် ပျံသန်းလာသည်ကို တွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါငှက်သည် နယူးဇီလန်နိုင်ငံ ဒေသအချို့၌ သားပေါက်ဖွားပြီး ဂျပန်၊ အလက်စကားနှင့် ကယ်လီဖိုးနီးယားတို့၌ ဆောင်းခိုလျက်ရှိသည်။

ယင်းငှက်မျိုးစိတ်သည် ရက်ပေါင်း ၂၀၀ ပျံသန်းသွားလာအပြီး ပစိဖိတ်သမုဒ္ဒရာကြီး တစ်ခုလုံးကို လွှမ်းခြုံပတ်မိစေခဲ့သည်ဟု သိပ္ပံပညာရှင်တို့က ပြောကြားသည်။

၂၀၀၅ ခုနှစ် ဇန်နဝါရီလနှင့် မတ်လအတွင်း အဆိုပါငှက်၃၃ ကောင်ကို နယူးဇီလန်၌ ပျံသန်းသွားလာရာ လမ်းကြောင်းတစ်လျှောက် သိရှိနိုင်သော အီလက်ထရွန်နစ်ပစ္စည်းတစ်စုံစီကို သိပ္ပံပညာရှင်များက တပ်ဆင်ပေးပြီး လွှတ်ပေးလိုက်သည်ဟု ဆိုသည်။

အချို့သောငှက်များသည် ယင်းတို့၏ ပေါက်ဖွားရာဒေသသို့ ပြန်လာကြပြီး ငှက် ၁၉ ကောင်မှာ စံချိန်တင် ပျံသန်းနိုင်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ယင်းငှက်များသည် တစ်ရက်လျှင် မိုင်ပေါင်း ၅၆၅ မိုင် ပျံသန်းခဲ့ပြီး ရေအောက်အနက် ၆၈ မီတာအထိလည်း အစာရှာနိုင်စွမ်းရှိကြောင်း သိရသည်။

စံချိန်တင်ပျံသန်းသော အဆိုပါ ငှက်မျိုးစိတ်မှာ Puffinus Griseus ဖြစ်ကြောင်း သိရသည်။

**(ကိုးကား–အင်တာနက်)**



# ခြောက်လအရွယ်ကလေးများ၏ဦးနှောက် မှန်ကန်သောတုံ့ပြန်မှုမရှိနိုင်

**မွေးဖွားပြီး အသက်ခြောက်လအရွယ် ကလေးငယ်များ၏ ဦးနှောက်တွင် မှန်ကန်သော အသိမရှိနိုင်သည့်အပြင် အမှတ်မှား၊ အမြင်မှားများသာ အများဆုံးဖြစ်ပေါ်နေတတ်လေ့ရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားလိုက်သည်။**

တုံ့ပြန်မှုမရှိ

**ခြောက်လမှ ကိုးလအရွယ်ကလေးငယ်များအား တစ်စုံတစ်ခုကို ပြသသည့်အချိန်၌ ၎င်းတို့၏ ဦးနှောက်မှ တုံ့ပြန်မှုနှင့် မှတ်သားမှုတို့ကို လေ့လာသုတေသနပြုခဲ့ရာတွင် မည်သည့်အရာကိုမျှ မှတ်သားနိုင်ခြင်းမရှိကြောင်း၊ ဦးနှောက် အသိမှတ်ဉာဏ်အစိတ်အပိုင်းကလည်း ထူးထူးခြားခြားတုံ့ပြန်မှုမရှိကြောင်း အဆိုပါ သုတေသနပညာရှင်များက ပြောကြားသည်။**

တွေ့ရှိ

**ထို့အပြင် ကလေးငယ်များရှေ့တွင် ပြသသော အရုပ်များနှင့် ကစားစရာများကိုလည်း ကြည့်ရှုချိန်၌ ယခင်အချိန်များက ပြသထားခဲ့သော အရုပ်နှင့် ကစားစရာများဖြစ်စေကာမူ မှတ်ယူမှုလွဲမှားသော တုံ့ပြန်မှုမျိုးသာ ၎င်းတို့၏ဦးနှောက်၌ တွေ့ရှိရသည်ဟု ၎င်းတို့က ဆိုသည်။**

**တစ်ဖန် ကလေးငယ်များအနေဖြင့် မည်သည့်အရာကို မြင်သည်၊ မမြင်သည်နှင့် မည်သည့်အချိန်ကာလမှစတင်ကာ ဦးနှောက်မှတ်ဉာဏ်၌ စနစ်တကျတုံ့ပြန်နိုင်သည်ကို အဆိုပါ သုတေသနပညာရှင်များက ဆက်လက်လေ့လာမည်ဖြစ်သည်။**

မဖြစ်နိုင်

**သုတေသနပညာရှင် ဒေါက်တာအင်ဒရီရာဘာဂါက အများက တင်ပြယူဆထားကြသလို ကလေးငယ်များ ခြောက်လမတိုင်မီ ဦးနှောက်များတွင် ပုံမှန်အသိများရှိသည်ဟူသော အယူအဆမှာ မဖြစ်နိုင်ကြောင်း ပြောကြားသည်။**

(ကိုးကား–အင်တာနက်)

# အင်တာနက် သတင်းနှင့် ဓာတ်ပုံ

# အမျိုးသားစာကြည့်တိုက် အဆောက်အအုံသစ်ရောင်းမည်

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းထောင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန် ဦးစီးဌာနပိုင် အမျိုးသားစာကြည့်တိုက် အဆောက်အအုံသစ် ဓာတ်လှေကားအသစ်များနှင့် မြေဧရိယာ ၁၀ ဒသမ ၆၉၂ ဧကအပါအဝင်တို့ကို ကြမ်းခင်းဈေး (ကျပ်သန်း) တစ်သောင်းဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ် ရောင်းချမည်ဖြစ်သည်။

ဝယ်ယူလိုသူ နိုင်ငံသား ပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ဩဂုတ် ၁၁ ရက်မှစ၍ အမျိုးသားစာကြည့်တိုက်တွင် ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို ဩဂုတ် ၂၄ ရက်တွင်သာ (တစ်ရက်တည်း) နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း အမျိုးသားစာကြည့်တိုက်တွင် တင်သွင်းရမည်။ သတ်မှတ်ထားသော အဆိုပြုလွှာပုံစံများကို အမျိုးသားစာကြည့်တိုက်တွင် (တစ်စောင်လျှင် ကျပ်တစ်ထောင်နှုန်းဖြင့်) ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တောင်ကြီးမြို့နယ် ထီသိမ်ကျေးရွာ၌ကျင်းပ

## သစ်တောဝန်ထမ်းများ ရှင်သန်မှုမရှိသော အပင်နေရာတွင် အစားထိုးစိုက်ပျိုး

## စိုက်ပျိုးပြီးသစ်ပင်များ စနစ်တကျထိန်းသိမ်းစောင့်ရှောက်

**နေပြည်တော် ဩဂုတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ၂၀၀၆ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ်၇ရက် နံနက်၉နာရီက တောင်ကြီးမြို့နယ် ထီသိမ်ကျေးရွာ ထီသိမ်ကန်ပတ်ဝန်းကျင်၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးနှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တောင်ကြီးမြို့နယ် ရပ်ကွက်များမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဝေငှပေးအပ်**

အစီအစဉ်အရ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူကိုယ်စားလှယ်များထံ ပျိုးပင်များကို အသီးသီးဝေငှပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တာဝန်ရှိသူများသည် ထီသိမ်ကန်တောင်ဘက် တောင်ကုန်းသတ်မှတ်နေရာများ၌ သစ်ပင်ပျိုးပင်များ စိုက်ပျိုးပေး၍ တောင်စောင်းရှိ ကွန်တိုလိုင်းအတွင်း သစ်စေ့များကို မျိုးစေ့ချစိုက်ပျိုးပေးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် တက်ရောက်လာကြသူများက ထီသိမ်ကန်ပတ်ဝန်းကျင်၌ သစ်ပင်ပျိုးပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် ထီသိမ်ကန် ရေကျော်တံခါးမြှင့်တင်တည်ဆောက်ထားရှိမှုနှင့် ထီသိမ်ကန်ရေထိန်းတာပေါင်တည်ဆောက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ထီသိမ်ကန်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းတင်က ထီသိမ်ကန်ပတ်ဝန်းကျင်၌ သစ်ပင်များ စိုက်ပျိုးထားရှိမှု၊ ယခုမိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်များ ထပ်မံစိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ညွှန်ကြားချက်**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ယခုသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့် အပင်များအား သစ်တောဦးစီးဌာနဝန်ထမ်းများက စနစ်တကျ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရေး၊ ရှင်သန်မှုမရှိသောအပင်များနေရာတွင် အစားထိုးစိုက်ပျိုးရေး၊ စိုက်ပျိုးပြီးသစ်ပင်များ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေး ရှင်းလင်းမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။

အဆိုပါ ၂၀၀၆ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ထင်းရှူးပင် ၂၉၀၀၀နှင့် ကံ့ကော်၊ ခရေ၊ ခါတော်မီ၊ ပန်းမားငု၊ စိန်ပန်းပြာစသည့် အရိပ်ရ လေကာပင် ၁၅၀၀၀၊ ဘောစကိုင်းစေ့ခုနစ်တင်းတို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း ဝံသပါလကျောင်း အမှတ်(၁) ကျောင်းတိုက်မှ ဆရာတော် ဦးဇဝနက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေ ကျပ်ရှစ်သိန်း ခုနစ်သောင်းသုံးထောင်လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံယူစဉ်။** (က-ပ)



**လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဇူလိုင်၂၇ရက်ကကျင်းပသည့် (၂၄)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် တတိယအကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ+၃ အစည်းအဝေးတွင် ကျေးလက်ဒေသများ လျှပ်စစ်မီးလင်းရေး စီမံကိန်းအတွက် စပါးခွံဓာတ်ငွေ့သုံးမီးစက် တီထွင်အသုံးပြုနိုင်မှု ဖြင့် 2nd Runner's Up ASEAN Energy Awards(2006) ဆုကို မြန်မာတီထွင်သူများ သမဝါယမ အသင်းလီမိတက်ဥက္ကဋ္ဌ ဦးစိုးတင့်အောင် လက်ခံယူစဉ်။**
(သတင်းဖော်ပြပြီး) (သမဝါယမ)

## မြန်မာ့ရုပ်မြင်သံကြား

**၉-၈-၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ အတီးပြိုင်ပွဲ
၈:၀၅ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၅ ၈။ အရေးပြိုင်ပွဲ
၈:၂၀ ၉။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Let's Go
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) [သင်္ချာ]
၁၆:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၅ ၆။ လက်ဆင့်ကမ်းပေး ဂီတတေး
၁၇:၁၅ ၇။ မြန်မာစာ မြန်မာစကား
၁၇:၃၀ ၈။ သီချင်းကြီးသရုပ်ဖော်
၁၇:၄၀ ၉။ **"အလံလေးတော့ ကိုင်ပြေပါ"** ဇွဲနိုင်ဝင်း၊ ရတနာခင် (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၇:၅၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၃။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၀၅ ၁၄။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"** လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္ဇလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဂွမ်းပုံ
၁၉:၁၀ ၁၅။ အကပြိုင်ပွဲ
၁၉:၂၅ ၁၆။ ခရမ်းချောင်းတံတား
၁၉:၃၀ ၁၇။ တေးဂီတအစီအစဉ်
၁၉:၄၅ ၁၈။ ကြားမြင်သုတပြည့်ဝစေရာစာပဒေသာ
၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **"မေတ္တာရွှေစောင်း အမွေကောင်း"** (ပြဇာတ်) သုမောင်၊ ဖိုးသောကြာ၊ ချောရတနာ၊ စိုးမိုးကြည် (ယဉ်ကျေးမှုဝန်ကြီးဌာနမှ စီစဉ်တင်ဆက်သည်)
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

## ဖတ်ဖွယ်ဖတ်ရာမှုခင်းများ စာအုပ်ဖြန့်ချိ



ရန်ကုန် ဩဂုတ် ၈

**မှုခင်းကျဆင်းရေးနှင့် ပြည်သူ့ဘဝလုံခြုံရေးအတွက် ရည်ရွယ်ရေးသားထားသည့် စာရေးဆရာ ခင်မောင်ထွန်း (လမ်းမတော်)၏ ဖတ်ဖွယ်ဖတ်ရာမှုခင်းများ စာအုပ်(**ဒုတိယ**) ကို ဒေါ်ဝါဝါကျော်က စီစဉ်ထုတ်ဝေလိုက်သည်။**

**ထိုစာအုပ်တွင် ဖြစ်ရပ်မှန်မှုခင်းများကို စာဖတ်သူစိတ်ဝင်စားဖွယ်ဖြစ်အောင် ဝတ္ထုတိုများအဖြစ်ရေးဖွဲ့ထားရာ မှုခင်းဆိုင်ရာ သင်ခန်းစာယူဖွယ်ရာများကို ဖတ်ရှုရမည်ဖြစ်သည်။**

**အဆိုပါ စာအုပ်ကို ကျော်ညွန့်ရည်စာပေက ထုတ်ဝေပြီး ဂုဏ်ထူးစာပေတိုက်အမှတ် ၁၉၂၊ ၃၃လမ်း ရန်ကုန်မြို့ ဖုန်း-၃၈၆၅၉၀၊ ၃၈၆၅၉၅က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ စာအုပ်တန်ဖိုးမှာ ကျပ်၉၀၀ဖြစ်သည်။**

(သတင်းစဉ်)

## အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် နိုင်ငံခြားဘာသာစကားပြော သင်တန်းဖွင့်မည်

**ရန်ကုန် ဩဂုတ် ၈**

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ညနေအချိန်ပိုင်း(၄-လ)၊ နိုင်ငံခြားဘာသာစကားပြောသင်တန်း (အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာ)များကို စက်တင်ဘာမှ စပြီး တစ်ပတ်လျှင်သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊သောကြာ)နေ့များတွင် ညနေ ၄နာရီခွဲမှ ၆နာရီခွဲအထိ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက သင်တန်းပြီးဆုံးကြောင်း လက်မှတ်ပေးအပ်မည်ဖြစ်ရာ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် ဘွဲ့ရရှိပြီးသူများသည် ဩဂုတ် ၁၅ရက်မှ စက်တင်ဘာ ၁ရက်အတွင်း အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖုန်း-၆၅၀၇၁၂သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျိုက်ခိုင်းစေတီတော်မြတ် စောင်းတန်းပြင်ဆင်ရန်ငွေများလှူဒါန်း

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ခိုင်းစေတီတော်မြတ်ကြီး၏ တောင်ဘက်စောင်းတန်းမွမ်းမံပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မွမ်းမံပြင်ဆင်မှုလုပ်ငန်းရပ်များ၌ ပါဝင်လှူဒါန်းကြသော ငွေကျပ်ငါးသောင်းအထက် အလှူရှင်များမှာ ရွှေတောင်ကျောင်းဆရာတော်က ကျပ်လေးသိန်း၊ ဦးကိုကိုအောင်မိသားစုက ကျပ်နှစ်သိန်း၊ ဦးအောင်ရွှေမိသားစုက ကျပ်တစ်သိန်းငါးသောင်း၊ ဦးသောင်းစိန်-ဒေါ်ရင်လှမိသားစုက ကျပ်သုံးသိန်း၊ ဦးကိုလေး-ဒေါ်ခင်စန်းရီမိသားစုက ကျပ်တစ်သိန်းငါးသောင်း၊ ဦးအောင်နိုင်-ဒေါ်နီနီဝင်းမိသားစုက ကျပ်တစ်သိန်း၊ ဦးဝင်းဌေး-ဒေါ်တိုးတိုးမိသားစုက ကျပ်တစ်သိန်း၊ ထွေးမိသားစုက ကျပ်တစ်သိန်းတစ်သောင်း၊ ကိုသက်ရွှေ၊ ဒေါ်လှလှမိသားစုက ကျပ်တစ်သိန်း၊ ဒေါ်ခင်စောယုက ကျပ်နှစ်သိန်း၊ ဒေါ်သီတာမိုး(လှကမ္ဘာ)က ကျပ်ငါးသောင်းခုနစ်ထောင်၊ ဦးဝင်း-ဒေါ်ပိုပိုသန်း မိသားစုက ကျပ်ငါးသောင်း၊ မြို့တော်စည်ပင်သာယာရေးကော်မတီဝတ်အဖွဲ့က ကျပ်ငါးသောင်း၊ ဦးညီညီ-ဒေါ်ဝါဝါ မိသားစုက ကျပ်ခုနစ်သောင်း အသီးသီး လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

# NLD ပါတီ၏လုပ်ရပ်များကိုစိတ်ပျက်လာ ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိ ဘိုကလေးမြို့နယ် NLD မှ ပါတီဝင်၅၃ဦး နုတ်ထွက်

**ရန်ကုန် ဩဂုတ် ၈**

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော သစ်ဖြူချောင်းကျေးရွာအုပ်စုမှ ရပ်၊ကျေးအဖွဲ့ဝင်များဖြစ်သည့် ဦးထွန်းရှိန်နှင့် ဦးသောင်းမြင့်၊ ပျဉ်းမကုန်းကျေးရွာအုပ်စုမှ ဦးမြငွေနှင့် ဦးမြင့်အေး၊ ကွန်ပင်ကျေးရွာအုပ်စုမှ ဦးတင်သောင်း၊ ဦးလှသောင်း၊ ဦးစန်းတင်၊ ဦးခင်မြင့်၊ ဦးလှမိုးနှင့် ဦးတင်လှတို့ အပါအဝင် ပါတီဝင်၅၃ဦးတို့သည် ဇူလိုင်၂၂ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဘိုကလေးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLDပါတီ၏ လုပ်ရပ်များကို စိတ်ပျက်လာပြီး NLDပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်လေးစားမှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**



နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General˚, Ruengroj Mahasaranond အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။

(သတင်းစဉ်)

# (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ထွက်ခွာမည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ် General , Ruengroj Mahasaranond အား နေပြည်တော်လေဆိပ်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

✡ ကျောဖုံးမှ

## ကြိုဆို

ညှိသည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranond နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နေပြည်တော် ဟိုတယ်ဇုန်မှ မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

## လက်ဆောင်ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ်အား ချစ်ကြည်ရေး ခရီးစဉ်မှတ်တမ်းတင် ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင် အဖြစ် ပေးအပ်သည်။

အလားတူ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်းက လည်း ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ်၏ ဇနီးအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင် ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

## ပို့ဆောင်နှုတ်ဆက်

ထို့နောက် ညှိသည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranond နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် အထူး လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာသွားကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့် ကာကွယ်ရေး ဝန်ကြီး ဌာနမှ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြ သည်။

**(သတင်းစဉ်)**





နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော်စစ်သေနာပတိချုပ် General˚, Ruengroj Mahasaranond ၏ ဇနီးအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ်ပေးအပ်စဉ်။

(သတင်းစဉ်)

## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးအား အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံလာရောက်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၈**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ Ms. Shari Villarosa သည် ယမန်နေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး၏ညှိခန်းမသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) ၂၀၀၇ခုနှစ် ပြက္ခဒိန်ထုတ်ဝေမည်

**ရန်ကုန် ဩဂုတ် ၈**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့(ဗဟို)မှ ၂၀၀၇ ခုနှစ်အတွက် (၂၀ x ၃၀)လက်မအရွယ်လေးရွက်တွဲ အလုပ်ပြက္ခဒိန်ကို အမျိုးသမီးသရုပ်ဆောင် ၁၂ ဦးဖြင့် ရိုက်နှိပ် ထုတ်ဝေသွားမည်ဖြစ်သည်။ ယင်းအလုပ်ပြက္ခဒိန်တွင် သရုပ်ဆောင်အဖြစ်ပါဝင်ရန် စိတ်ပါဝင်စားသူများနှင့် လုပ်ငန်းကြော်ငြာများ ထည့်သွင်းလိုသူများအနေဖြင့် ပြက္ခဒိန်စီစဉ်သူ ဦးစိုးမြတ်အောင် အမှတ် ၂၆ နတ်မောက်ရိပ်သာလမ်း ကုက္ကိုင်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၅၅၆၀၈၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေရုပ်ရှင်ပွဲသမ္မတရုံ၌ပြသမည်

**ရန်ကုန် ဩဂုတ် ၈**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း အဖွဲ့၏ ရန်ပုံငွေရုပ်ရှင်ပွဲကို ရန်ကုန်မြို့ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသမည် ဖြစ်သည်။ အဆိုပါရန်ပုံငွေ ရုပ်ရှင်ပွဲကို ဦးဇော်မင်း(မင်္ဂလာကုမ္ပဏီ) ကလှူဒါန်းခြင်းဖြစ်ပြီး ဩဂုတ် ၁၃ ရက် နံနက် ၈ နာရီတွင် Harrison Ford & Dual Bettany တို့ ပါဝင်သော Fire Wall ဟောလိဝုဒ်ဇာတ်ကားကိုလည်းကောင်း၊ ဩဂုတ်၂၇ ရက်တွင်ဂျက်ကီချန်းပါဝင်သော The Myth နာမည်ကျော်ရုပ်ရှင်ဇာတ်ကားကိုလည်းကောင်း ပြသမည်ဖြစ်သည်။

ကြည့်ရှုအားပေးလိုပါက မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံး စာပေဗိမာန်အဆောက်အအုံ အမှတ် (၅၂၉) ဒုတိယထပ် ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း–၀၁–၂၅၂၄၁၇နှင့်၀၁–၃၈၅၂၇၃ တို့သို့ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်က လုပ်ငန်းရှင်များ၏ကုန်သွယ်မှု တိုးတက်အောင်အားပေးကူညီ ဝန်ထမ်းအပိုင်းက မမှန်ကန်သောနည်းလမ်းများ အသုံးချခြင်းမပြုရန်လိုအပ် ကုန်သည်များ ရိုးရိုးသားသား သိက္ခာရှိစွာ လုပ်ငန်းများလုပ်ကိုင်ရန်အရေးကြီး

နေပြည်တော် ဩဂုတ် ၈

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ကရင်ပြည်နယ်ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ်လိုက်ပါလာကြသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ဩဂုတ် ၅ ညနေပိုင်းက မြဝတီမြို့နယ်ရှိ နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ဌာနဆိုင်ရာများ၊ ကုန်သည်များအားတွေ့ဆုံကာ လိုအပ်သည်များကိုမှာကြား၍ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ မှန်ကန်သွက်လက် မြန်ဆန်စေရေး ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးကြသည်။**

## တွေ့ဆုံ

ရှေးဦးစွာ ဝန်ကြီးများသည်မြဝတီ နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်း အဆောက်အအုံ တည်ဆောက်မည့် နေရာ စန်သုကုန်း၌ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကုန်သွယ်မှုလုပ်ငန်းများကို တစ်နေရာတည်းတွင် အလုပ်ပြီးစေသောစနစ် (One Stop Services) အဖွဲ့ဝင် ဌာနဆိုင်ရာအသီးသီးတို့မှ တာဝန်ခံများနှင့် တွေ့ဆုံကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစံပြည့်က မြဝတီ နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်းနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ရန် မြေနေရာရွေးချယ်ထားမှု၊ ဇုန်အတွင်း ထည့်သွင်းတည်ဆောက်သွားမည့် အဆောက်အအုံများနှင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

## ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် ဝန်ကြီးများက One Stop Services စနစ်ဖြင့် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် လုပ်ဆောင်ရမည့်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူများအား မေးမြန်း၍ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးများသည် မြဝတီ နယ်စပ်ကုန်သွယ်ရေး ကုန်ချကွင်းရှိ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ One Stop Services အဖွဲ့ဝင် ဌာနဆိုင်ရာ အသီးသီးတို့မှ တာဝန်ခံများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် နယ်မြေခံကုန်သည်များအား တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် One Stop Services အဖွဲ့ဝင်ဌာနဆိုင်ရာ အသီးသီးတို့မှ တာဝန်ခံများက မြဝတီ နယ်စပ်ကုန်သွယ်ရေးစခန်း၌ ပို့ကုန်သွင်းကုန်ပစ္စည်းအမျိုးအစားများ၊ နှစ်အလိုက်ပို့ကုန်သွင်းကုန် ကုန်သွယ်မှု ပမာဏများ၊ အခွန်အခရရှိမှုများ၊ One Stop Services စနစ်ဖြင့်ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ နယ်စပ်ဒေသဖြတ်ကျော်ပုံမှန် ကုန်သွယ်မှုစနစ် ပြောင်းလဲကျင့်သုံးမှုဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမှုများနှင့် One Stop Services စနစ်ဖြင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ သွက်လက်မြန်ဆန်အောင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ဝန်ကြီးများက မှာကြားရာတွင် နယ်စပ်ကုန်သွယ်ရေးကိုရည်ရွယ်ချက်ငါးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယင်းရည်ရွယ်ချက်ငါးရပ်တွင် နှစ်နိုင်ငံချစ်ကြည်ရေးတိုးတက်စေရန်၊ နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်စေရန်နှင့် နယ်စပ်ကုန်သွယ်မှုကို ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ကူးပြောင်းရောက်ရှိစေရန်၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများအပြည့်အဝရရှိစေရန်တို့ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံ နယ်စပ်ကုန်သွယ်ရေးကို နိုင်ငံတကာက ကျင့်သုံးလျက်ရှိသော ပုံမှန်ကုန်သွယ်မှုစနစ်သို့ ပြောင်းလဲကျင့်သုံးနိုင်အောင် မိမိတို့ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံ၏ ထွက်ကုန်ပစ္စည်းများကို ထိုက်တန်သောဈေးနှုန်းဖြင့် စနစ်တကျအဆင့်အတန်းရှိသည့် ပို့ကုန်အဖြစ် ရောင်းချနိုင်ရန် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်ကြီးကိုမူဆယ် ၁၀၅ မိုင် ခေတ်မီနယ်စပ် ကုန်သွယ်ရေးဇုန်ကြီးကဲ့သို့ တည်ဆောက်ထူထောင်သွားမည်ဖြစ်ကြောင်း၊ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ် ရေးဇုန်သည် မိမိတို့နိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း၌ပမာဏအများဆုံးဖြစ်ပြီး၊ မြဝတီနယ်စပ် ကုန်သွယ်ရေးဇုန်သည် ပမာဏဒုတိယ အများဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် နယ်စပ်ကုန်သွယ်မှုစနစ်မှ နယ်စပ်ဖြတ်ကျော်ပုံမှန် ကုန်သွယ်မှုစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်မှသာ နှစ်နိုင်ငံလုံးအတွက်နှင့် ကုန်သွယ်မှုလုပ်ငန်းရှင်များအတွက် ရေရှည်အကျိုးရှိမည်ဖြစ်ကြောင်း။

လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများကို နည်းစနစ်ကျနစွာ ကျွမ်းကျွမ်းကျင်ကျင်လုပ်ကိုင်လာတတ်စေရန် မိမိတို့အပိုင်းက မူဘောင်နှင့်အညီ အစွမ်းကုန်ပံ့ပိုးကူညီစောင့်ရှောက်ပေးမည်ဖြစ်ကြောင်း။

မိမိတို့ ဝန်ထမ်းအပိုင်းကလည်း မမှန်ကန်သော နည်းလမ်းများကို အသုံးချခြင်းမပြုလုပ်ရန် လိုအပ်သကဲ့သို့ လုပ်ငန်းရှင်ကုန်သည်များ အပိုင်းကလည်း ရိုးရိုးသားသား သိက္ခာရှိစွာဖြင့် လုပ်ငန်းများကို လုပ်ကိုင်ကြရန် အရေးကြီးကြောင်း။

ထိုကဲ့သို့ တာဝန်ရှိဝန်ထမ်းများနှင့် လုပ်ငန်းရှင်ကုန်သည်များသည် လုပ်ငန်းများကို စနစ်တကျ မှန်ကန်စွာ ဟန်ချက်ချက်ညီညီ အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံတော်၏ နိုင်ငံခြားကုန်သွယ်မှုသည် ပင်လယ်ထွက်ပေါက်မှသာမက ကုန်းလမ်းထွက်ပေါက်များမှပါ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ဝန်ကြီးများသည် မြဝတီနယ်စပ် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားသို့ သွားရောက်ကြပြီး တံတားကြီးကို မွမ်းမံပြင်ဆင်နေမှုနှင့် သောင်ရင်းမြစ်၏ ရေစီးရေလာကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဝန်ကြီးများသည် မြဝတီမြို့ရှိ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ နယ်မြေခံကုန်သည်များနှင့် သောင်ရင်းခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးများက မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် ကုန်သွယ်မှုလုပ်ငန်းသည် အဓိကကဏ္ဍမှပါဝင်နေသဖြင့် နယ်စပ်ဒေသဖြစ်သည့် မြဝတီမြို့၌ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်ကို ခေတ်မီကုန်သွယ်ရေးဇုန်ကြီးတစ်ခု အဖြစ်တည်ဆောက်ထူ ထောင်ပေးသွားမည်ဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်မှု အကျိုးသာမက နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုကဏ္ဍမြင့်တင်လျက် စီးပွားရေးတိုးတက် ဖြစ်ထွန်းမှု အကျိုးရလဒ်များ ရရှိစေရန် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးနေမှုများကို အသေးစိတ် ရှင်းလင်းပြောကြားကြသည်။

ဝန်ကြီးများသည် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့်အတူ ဩဂုတ် ၆ ရက် နံနက်၉ နာရီခွဲက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ ကုန်သည်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကြသည်။

## အားပေးကူညီ

တွေ့ဆုံပွဲတွင် ဝန်ကြီးများက နိုင်ငံစီးပွားရေးဖွံ့ဖြိုးစေရန်အတွက် ကုန်သွယ်မှုလုပ်ငန်းများ ချောမွေ့ဖွံ့ဖြိုးရေးသည် အရေးကြီးကြောင်း၊ ကရင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး၏ စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က ဤပြည်နယ်ရှိ နယ်စပ်ဒေသဖြစ်သော မြဝတီမြို့၌ ခေတ်မီ နယ်စပ်ကုန်သွယ်ရေးဇုန်ကြီးတစ်ခုကို ထူထောင်တည်ဆောက်ပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများကို အဓိကပင်တိုင်လုပ်ကိုင်နေသည်မှာ စီးပွားရေး လုပ်ငန်းရှင် ကုန်သည်များ ဖြစ်ကြကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်ကုန်သည်များ၏ ကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည်ထက်တိုးတက်အောင်အစဉ်အမြဲအားပေး ကူညီလျက်ရှိကြောင်း။

ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် တရားမဝင်သောနည်းလမ်းများဖြင့် လုပ်ကိုင်ခြင်းကို ရှောင်ရှားကြပြီး ရေရှည်အကျိုးဖြစ်ထွန်းရေးကို မျှော်မှန်း၍ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ မူဘောင်အတွင်းမှ လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မိမိတို့၏ ထွက်ကုန်ပစ္စည်းများကို အရည်အသွေးရှိရှိ၊ အဆင့်အတန်းမြင့်မြင့်ဖြင့် စနစ်တကျတင်ပို့ရောင်းချနိုင်ခြင်းရှိမှသာ ထိုက်တန်သော ဈေးနှုန်းများလည်း ရရှိမည်ဖြစ်ကြောင်း၊ မိမိတို့၏ ထွက်ကုန်ပစ္စည်း မှန်သမျှကို ဈေးကွက်ခိုင်မာမှုရှိအောင် ကြိုးစားလုပ်ကိုင်ကြစေလိုကြောင်း၊ နိုင်ငံတော်အစိုးရက ကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်လျက် နယ်စပ်ကုန်သွယ်ရေးဒေသများ၌ နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်မှု စနစ်ကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းရှင် ကုန်သည်များနှင့် နိုင်ငံတော်အတွက် နှစ်ဦးနှစ်ဖက်စလုံး အကျိုးရလဒ်များဖြစ်ထွန်းရရှိလာမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများရှိပါကလည်း တာဝန်ရှိသူများထံ တင်ပြကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းက တာဝန်ကျေပွန်အောင် လုပ်ဆောင်ပေးသည်နှင့်အညီ ကုန်သည်များအပိုင်းကလည်း အသိစိတ်ဓာတ်ရှိရှိ လုပ်ကိုင်ကြရန် လိုအပ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုရှိသည်နှင့်အမျှ မိမိတို့ပြည်နယ်၊ တိုင်း၊ နိုင်ငံတော်သည်လည်း ဖွံ့ဖြိုးတိုးတက်မှုရရှိလာမည်မှာ မလွဲဧကန်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့၏ ထွက်ကုန်ပစ္စည်းများကို စနစ်တကျပုံမှန် ကုန်သွယ်မှု လမ်းကြောင်းအတိုင်း တင်ပို့ရောင်းချနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း စသည်ဖြင့် မှာကြားကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် စီးပွားရေးလုပ်ငန်းရှင် ကုန်သည်များက နှစ်နိုင်ငံကုန်သွယ်မှု လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာဝန်ကြီးများကပြန်လည်ရှင်းလင်းဖြေကြားကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးကြသည်။

## ပေးအပ်လှူဒါန်း

ဆက်လက်၍ ကရင်ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ အလှူရှင်များဖြစ်ကြသော မက်စ်ကုမ္ပဏီ လီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီ၊ ရွှေဝါမြေ ကုမ္ပဏီ၊ အာရှကြီးပွားတိုးတက်ရေးကုမ္ပဏီ၊ အေဒင်ကုမ္ပဏီနှင့် ငွေစင်ကုမ္ပဏီတို့က ငွေကျပ်သိန်း ၂၀ စီကို ပေးအပ်လှူဒါန်းကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ကရင်ပြည်နယ်တာဝန်ခံ သူရဦးမြင့်မောင်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြဝတီနယ်စပ် ကုန်သွယ်ရေးဇုန် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၁ နာရီတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းများအသင်းချုပ် ဥက္ကဋ္ဌနှင့် စီးပွားရေးလုပ်ငန်းရှင် ကုန်သည်ကြီးများ တက်ရောက်ကြသည်။

လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးများကမြဝတီနယ်စပ် ကုန်သွယ်ရေးဇုန် တည်ဆောက်ရာ၌ အဆင့်အတန်း မြင့်မား၍ ခံ့ညားထည်ဝါသော ခေတ်မီကုန်သွယ်ရေးဇုန်ကြီးအဖြစ် ထူထောင်တည်ဆောက်သွားရေးအတွက် ဝန်ကြီးဌာန အလိုက် လုပ်ဆောင်ဖွယ်ရာ လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင် ကုန်သည်ကြီးများက မြဝတီနယ်စပ် ကုန်သွယ်ရေးဇုန် တည်ဆောက်ရေး လုပ်ငန်းဆိုင်ရာ အစီအစဉ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းစီမံဆောင်ရွက်ပေးကြပြီး လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

## ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးများသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင်းကျေးရွာအနီးရှိ မရမ်းချောင်း ကုန်ပစ္စည်း စစ်ဆေးရေးစခန်းသို့ ရောက်ရှိကြပြီး ကြည့်ရှုစစ်ဆေးကြရာ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးမိုးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နယ်စပ်လမ်းကြောင်းများမှ တရားမဝင် တင်သွင်းလာသည့် ကန့်သတ်ကုန်ပစ္စည်းများနှင့် အကောက်ခွန်မဲ့ ပစ္စည်းများကို တားဆီးစစ်ဆေး အရေးယူမှုပြုလုပ်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးများက နိုင်ငံတော်က နယ်စပ်ကုန်သွယ်ရေး စနစ်မှ နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးခြင်းသည် One Stop Services စနစ်ဖြင့် နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများ သွက်လက်မြန်ဆန်အောင် ဆောင်ရွက်ခြင်းဖြစ်၍ မိမိတို့ ဆောင်ရွက်နေသော လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရေးနှင့် ဥပဒေမဲ့တင်သွင်းလာသော ကုန်ပစ္စည်းများကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း သတ်မှတ်ချက်များအတိုင်း အရေးယူဆောင်ရွက်ကြရန် အရေးကြီးကြောင်းဖြင့် မှာကြားကြသည်။

ထို့နောက် ဝန်ကြီးများသည် ဥပဒေမဲ့ တင်သွင်းလာသော ပစ္စည်းများကို သိမ်းဆည်းထားရှိသည့် သိုလှောင်ရုံ၊ ကုန်ပစ္စည်းစစ်ဆေးရေးစခန်း တိုးချဲ့တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကြသည်။ **(သတင်းစဉ်)**

---

# နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စင်ကာပူနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၉**

၂၀၀၆ခုနှစ် ဩဂုတ်၉ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၁)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

---

# နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း စင်ကာပူနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၉**

၂၀၀၆ခုနှစ် ဩဂုတ်၉ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၁)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ စင်ကာပူ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျော့ရီယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

---





**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ မြဝတီနယ်စပ် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား မွမ်းမံပြင်ဆင်မှုကို ကြည့်ရှုကြစဉ်။** (သတင်းစဉ်)

# သီလဖြူစင် ဥပုသ်ဝင်

ဗုဒ္ဓဘာသာမြန်မာတို့သည် ရှေးရှေးမိဘဘိုးဘွားအစဉ်အဆက်မှ စ၍ယနေ့တိုင် ဥပုသ်သီလ ဆောက်တည်လေ့ ရှိကြသည်။ ရတနာသုံးပါးအပေါ်ယုံကြည်သက်ဝင်ပြီး ကံ ကံ၏အကျိုးကို ယုံကြည်သက်ဝင်ကြသူများပီပီ မကောင်းမှု အကုသိုလ်ကို ရှောင်ကြဉ်၍ ကောင်းမှုကုသိုလ်များကို ပြုလုပ်ဆည်းပူးကြသည်။ မကောင်းမှုအကုသိုလ်သည် သီလမစောင့်ထိန်းနိုင်ခြင်းကြောင့် ဖြစ်ရလေသည်။ အလှူဒါနပြုရာတွင်လည်း သီလကိုအခြေခံမှ အကျိုးကြီးမားသည်။ ဝိပဿနာဘာဝနာကို ပွားများအားထုတ်ရာတွင် သီလသည် မရှိမဖြစ်လိုအပ်ပေသည်။ ဝိသုဒ္ဓိမဂ်ကို ပြုစုခဲ့သည့် ရှင်မဟာဗုဒ္ဓဃောသသည် ကျမ်းအစမှာပင် သီလအပေါ် အခြေခံ၍ တရားဘာဝနာပွားများပုံကို ဖွင့်ဆိုရေးသား တော်မူခဲ့ပေသည်။ ငါးပါးသီလသည် ဗုဒ္ဓဘာသာဝင်များအတွက်သာမက လူတိုင်း လူတိုင်း လိုက်နာကျင့်သုံးရမည့် တရားပင်ဖြစ်သည်။

ရှစ်ပါးသီလ၊ ဥပုသ်သီလကို လပြည့်၊ လကွယ်နှင့် လဆန်းရှစ်ရက်၊ လဆုတ်ရှစ်ရက် ဥပုသ်နေ့များတွင် ဆောက်တည်ကြသည်။ ဝါတွင်းကာလတွင် ဥပုသ်ဇရပ်များ၊ ဓမ္မာရုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ တရားရိပ်သာများ၌ ဥပုသ်ဆောက်တည်သူများ များပြားလှပေသည်။ တောရွာများတွင် တောရွာအလိုက် ဥပုသ်သီတင်းဆောက်တည်သူများ ရှိသကဲ့သို့ မြို့ကြီးများ၌လည်း ဥပုသ်စောင့်သူများ အလွန်ပင် များပြားသည်ကို တွေ့ရှိနေရပေသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အဖိတ်နေ့၊ ဥပုသ်နေ့များကို သိရှိစေရန်နှိုးဆော်ချက်များ ထုတ်လွှင့်ပေးလျက်ရှိသည်။ ထို့အပြင် ဝါတွင်းဥပုသ်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌဆရာတော်ကြီး၊ အကျိုးတော်ဆောင်ဆရာတော်ကြီးနှင့်တကွ ဆရာတော်များက ကိုးပါးသီလ ချီးမြှင့်တော်မူကြသည်။ ဘုရားကျောင်းကန်၊ ဥပုသ်ဇရပ်၊ ဓမ္မာရုံများသို့ မသွားရောက်နိုင်သူများအတွက် အိမ်မှာပင် ဥပုသ်စောင့်နိုင်သော အခွင့်အရေးရရှိကြပေသည်။ တရားရိပ်သာများတွင် တရားစခန်းအလိုက် ခုနစ်ရက်၊ ၁၀ရက်စသည်ဖြင့် ရှစ်ပါးသီလကို ဆောက်တည်ကြသူများ ရှိနေကြပေသည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးတော်မူသောအခါက ဥပုသ်စောင့်လာသော ဝိသာခါ ကျောင်းအမကြီးအား ဥပုသ်သုံးမျိုးရှိကြောင်း ဟောခဲ့ဖူးသည်။ (၁) ဂေါပါလနွားကျောင်းသားဥပုသ်၊ (၂) နိဂဏ္ဌဥပုသ် တက္ကတုန်းဥပုသ်၊ (၃) အရိယာဥပုသ်ဟူ၍ဖြစ်သည်။ နွားကျောင်းသားဥပုသ်ဆိုသည်မှာ– ယနေ့ငါသည် မည်သည့်စားဖွယ်သောက်ဖွယ်ကို စားသောက်သုံးဆောင်ခဲ့သည်။ မနက်ဖြန်ကျလျှင် မည်သည့်စားသောက်ဖွယ်ရာကို စီမံစားသုံးရလျှင် ကောင်းမည်လဲ စသည့်ကြံစည်စိတ်ကူးဖြင့် ဥပုသ်နေ့တစ်ရက် ကုန်ဆုံးသွားပါက နွားကျောင်းသား ဥပုသ်ဟုဆိုနိုင်သည်။ တက္ကတုန်းဥပုသ်ဆိုသည်မှာ သတ္တဝါအချို့၌သာ အသက်သတ်ခြင်းရှောင်ကြဉ်၍ အချို့သတ္တဝါ၌ သတ်ခြင်းကို မရှောင်ကြဉ်ဘဲ ဆောက်တည်သည့် ဥပုသ်မျိုးဖြစ်သည်။ အရိယာဥပုသ်ဆိုသည်မှာ ဥပုသ်ဆောက်တည်ပြီးနောက် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ စသည့်ပွားများအပ်သော ဘာဝနာတစ်ရပ်ရပ်ကို ပွားများလျက် ဆောက်တည်သော ဥပုသ်ဖြစ်သည်။ ထိုသုံးပါးသော ဥပုသ်တို့တွင် အရိယာဥပုသ်ဖြစ်အောင် ဆောက်တည်ရန် လိုအပ်ပေသည်။ သို့မှသာ ဥပုသ် ဆောက်တည်ရသည့် အကျိုးတရားများကို ရရှိခံစားနိုင်ပေသည်။ ညနေစာ မစားရုံသက်သက်ဖြင့် အချည်းနှီး အချိန်မကုန်စေသင့်ပေ။ ကိုးပါးသီလ ဆောက်တည်သည် ဆိုပါလျှင် ရှစ်ပါးသီလကို မကျိုးမပေါက်အောင် စောင့်ထိန်း၍ မေတ္တာဘာဝနာကို ပွားများနေပါလျှင် အရိယာဥပုသ် အမျိုးအစားဖြစ်၍ အကျိုးများပေသည်။

**အခွင့်သာလှ လူ့ဘဝ**

သီလဆောက်တည်ခြင်း၊ ဥပုသ်ဆောက်တည်ခြင်းမှာ လူ့ဘဝတွင် အခွင့်အသာဆုံးဖြစ်သည်။ နတ်ဘဝ၊ နတ်ဘီလူး၊ နတ်နဂါးဘဝနှင့် တိရစ္ဆာန်ဘဝများတွင် ဥပုသ်သီလ ကျင့်သုံးဆောက်တည်ရန် အခွင့်မသာပေ။ ယခုအခါ လူ့ဘဝရရုံမျှသာမက သာသနာတော် စည်ပင်ထွန်းကားချိန် ဖြစ်သဖြင့် အချိန်အခါကောင်းလည်းဖြစ်သည်။

ဘုရားအလောင်းယုန်မင်းဘဝတွင် ခက်ခက်ခဲခဲ သီလ ဆောက်တည်ခဲ့ရသည် မဟုတ်ပါလော။ သီလသည် ဒါနနှင့်တွဲဖက်ဖြစ်သည်။ သီလ ဆောက်တည်သည့်အခါ ဒါနဝတ္ထုတစ်ခုခုဖြင့် လှူဒါန်းလေ့ရှိသည်။ ယုန်မင်းဘဝတွင် လှူစရာမရှိသဖြင့် မိမိ၏အသားကို မီးကင်၍ စားပါဟု ပြောဆိုလျက် မီးဖိုအတွင်း ခုန်ဆင်းခဲ့မည်။

**ဦးကလျာဏ (သရက်တော)**

ဝိဓူရဇာတ်တော်တွင် ဝရုဏ နဂါးမင်းကြီးက သူတို့နဂါးပြည်တွင် အလှူဒါနပြုလုပ်ရန်၊ ဥပုသ်သီလဆောက်တည်ရန် အခွင့်မသာကြောင်း၊ အလှူဒါနပြုရန်အတွက် အလှူခံရဟန်း၊ သံဃာတော်များ မရှိကြောင်း၊ ဥပုသ်သီလ ဆောက်တည်ရန်မှာလည်း အပျော်အပါး စည်းစိမ်များက ဖုံးလွှမ်းနေသဖြင့် အေးဆေး ငြိမ်သက်မှုကို မရနိုင်ကြောင်း၊ ဒါနသီလမှ မပြုလုပ်နိုင်လျှင် နောင်ဘဝအတွက် စိတ်မအေးရကြောင်း၊ ထို့ကြောင့် ဘာလုပ်သင့်ပါသနည်းဟု ဝိဓူရပညာရှိကြီးအား မေးခဲ့ဖူးကြောင်း ပါရှိသည်။

**သိကြားမင်းလူ့ပြည်သို့ ဆင်းသက်၍ ဥပုသ်စောင့်ခြင်း**

သိကြားမင်းသည် တစ်ရက်သောဥပုသ်နေ့တွင် လူ့ပြည်သို့ လာရောက်၍ ဥပုသ်ဆောက်တည်ကြောင်း ဝိဓူရဇာတ်တော်၌ တွေ့ရသည်။ “နတ်ပြည်မှာ နတ်စည်းစိမ်တွေ၊ နတ်ကချေသည်တွေ ပေါများသည်။ ဥပုသ်စောင့်ရန်အတွက် အလွန်အနှောင့်အယှက် ဖြစ်သည်။ ပလိဗောဓ အရှုပ်အထွေးတွေပေါများသည်။ ဥပုသ်သီလကို မကျိုးမပေါက်ရအောင် လူ့ပြည်သွား၍ ဥပုသ်စောင့်မည်”ဟု သိကြားမင်းမှာ အကြံဖြစ်သည်။ အကြံဖြစ်သည့်အတိုင်း ကောရဗျမင်း၏ မိဂဇိန်ဥယျာဉ်တွင် နေရာရွေးပြီး ဥပုသ်စောင့်လေသည်။

ထိုနေ့မှာပင် ဝရုဏ နဂါးမင်းရော၊ ဂဠုန်မင်းပါ မိဂဇိန်ဥယျာဉ်မှာပင် ဥပုသ်စောင့်ကြသည်။ ခနဉ္စယကောရဗျမင်းလည်း ယင်းဥပုသ်နေ့မှာပင် မိဂဇိန်ဥယျာဉ်သို့ထွက်၍ ဥပုသ်စောင့်သည်။ မိဂဇိန်ဥယျာဉ်၌ ရွေးချယ်၍ ဥပုသ်စောင့်ကြသော်လည်း ကြိုတင်တိုင်ပင်ထားခြင်း မရှိပေ။ နေရာမှာလည်း အသီးအခြားစီ မိမိကြိုက်နှစ်သက်ရာ နေရာတွင် ဥပုသ်စောင့်ကြခြင်းဖြစ်သည်။

ဥပုသ်နေ့ တစ်နေ့လုံး လောဘ၊ ဒေါသ၊ မောဟစသည့် ကိလေသာငြိမ်းကြောင်းတရားများကို နှလုံးသွင်းကာ အကောင်းဆုံး ဖြစ်အောင် ဥပုသ်စောင့်ခဲ့ကြသည်။ ညနေချမ်းရောက်သောအခါ မိမိတို့ ဥပုသ်စောင့်သည့်နေရာအသီးသီးမှ ထွက်ခဲ့ကြသည်။ ဥယျာဉ်အတွင်း မင်္ဂလာရေကန်အနီးရောက်သောအခါ မင်းလေးပါးတို့ဆုံမိကြသည်။ မင်းလေးပါးတို့ဆုံမိသည့်အခါ ရှေးဘဝက သူငယ်ချင်းများဖြစ်ခဲ့သည့်အတွက် တစ်ဦးနှင့်တစ်ဦး ချစ်ခင်သောစိတ်များဖြစ်ပွားကာ စကားချိုသာပြောဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မင်္ဂလာရေကန်အနီးမှာရှိသည့် ကျောက်ဖျာပေါ်မှာ စကား လက်ဆုံကျနေကြသည်။

**မည်သူ့သီလက မြတ်သလဲ**

စကားလက်ဆုံကျသည်ဆိုသော်လည်း ထွေရာလေးပါးပြောဆိုခြင်းမဟုတ်။ မိမိတို့စောင့်ခဲ့သည့်ဥပုသ်သီလနှင့်စပ်လျဉ်း၍ ပြောဆိုကြခြင်းဖြစ်သည်။ သိကြားမင်းက စပြောသည်။ “တို့မင်းလေးပါးတို့ ဥပုသ်သီလ ဆောက်တည်ခဲ့ကြတယ်၊ ဘယ်သူ့သီလက အမြတ်ဆုံးလဲ” ဟုပြောသည့်အခါ နဂါးမင်းက ဦးစွာပြောကြားသည်။ အသင်မင်းသုံးပါးတို့ သီလထက် အကျွန်ုပ်၏သီလကမြတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယခုတွေ့နေရသည့် ဂဠုန်မင်းသည် အကျွန်ုပ်တို့ နဂါးမျိုးများ၏ ရန်သူ ဖြစ်သည်။ မိမိတို့နဂါးမျိုးများကို သတ်စားတတ်သော ဂဠုန်မင်းကိုမြင်ပါလျက် အမျက်မထွက်ဘဲ ဥပုသ်သီလကို ရအောင်စောင့်နိုင်သည့်အတွက် မိမိ၏သီလက မြတ်ပါကြောင်း ပြောဆိုသည်။

ဂဠုန်မင်းကလည်း သူ့အလှည့်တွင် သူ့ဥပုသ်သီလက ပို၍မြတ်ကြောင်းပြောသည်။ ဤနဂါးမင်းသည် မိမိ၏အကောင်းဆုံးအစာဖြစ်ပါလျက် သည်းခံပြီး ဥပုသ်သီလကို အပျက်မခံဘဲ စောင့်ထိန်းနိုင်ခဲ့သည်။ ထို့ကြောင့် မိမိ၏သီလကပို၍ မြတ်ပါကြောင်းပြောသည်။

သိကြားမင်းက မိမိသည် အလွန်များပြားသည့် နတ်စည်းစိမ်ချမ်းသာကိုစွန့်ပယ်၍ လူ့ပြည်သို့ လာရောက်၍ ဥပုသ်သီလ ဆောက်တည်ရခြင်းဖြစ်သည်။ ထို့ကြောင့် မိမိသီလကသာ မြတ်သည်ဟု သိကြားမင်းက ပြောဆိုလေသည်။

ကောရဗျမင်းကလည်း မိမိ၏သီလကမြတ်ကြောင်း တင်ပြသည်။ အဘယ်ကြောင့်ဆိုသော် မိမိသည် ယနေ့အလွန်ကြီးကျယ်သော မင်းစည်းစိမ် ကချေသည် မောင်းမတစ်သောင်းခြောက်ထောင်နှင့် ရွှေနန်းတော်ကြီးကို စွန့်ခွာပြီး ကိလေသာငြိမ်းကြောင်း ကောင်းမြတ်သည့် ဥပုသ်အကျင့်ကိုစောင့်ထိန်းနိုင်သည့်အတွက် မိမိ၏သီလကမြတ်ကြောင်း ပြောဆိုလေသည်။

## မိမိတို့ ဥပုသ်စောင့်သည့်အခါ ထွေရာလေးပါး ကိစ္စများကို မပြောကြားဘဲ၊ အာရုံမများဘဲ သီလလုံခြုံသည့် ဥပုသ်သည်များဖြစ်အောင် ကြိုးစားနိုင်ကြပါစေ။

သိကြားမင်းစသည့် မင်းလေးပါးတို့သည် ဥပုသ်နေ့ တစ်နေ့တာ ဥပုသ်စောင့်ရာတွင် အကောင်းဆုံးစောင့်ထိန်းခဲ့ကြပြီး မိမိသီလကသာ မြင့်မြတ်သာလွန်သည်ဟု ယုံကြည်ယူဆပြောဆိုခဲ့ကြပြီးနောက် ဝိဓူရသုခမိန်ထံတွင် အဆုံးအဖြတ်ခံယူခဲ့ကြသည်။

ဝိဓူရသုခမိန်က မင်းလေးပါးတို့ ဆောက်တည်ခဲ့သော သီလသည် အကောင်းတွေချည်းသာဖြစ်သည်။ ထိုလေးမျိုးစလုံး အကျိုးဝင်အောင် စောင့်ထိန်းနိုင်ပါမှ အကောင်းဆုံးပင်ဖြစ်သည်ဟု အဆုံးအဖြတ် ပေးသောအခါ အားလုံးကျေနပ်လက်ခံခဲ့ကြသည်။

ထို့ကြောင့် **မိမိတို့ ဥပုသ်စောင့်သည့်အခါ ထွေရာလေးပါး ကိစ္စများကို မပြောကြားဘဲ၊ အာရုံမများဘဲ သီလလုံခြုံသည့် ဥပုသ်သည်များဖြစ်အောင် ကြိုးစားနိုင်ကြပါစေ** ဟု ဆန္ဒပြု ရေးသားလိုက်ရပေသည်။ ။

# မျက်စိနာရောဂါကာကွယ်ရေး နှိုးဆော်ချက်

မျက်စိနာရောဂါသည် ဘက်တီးရီးယားပိုင်းရပ်(စ်)၊ ဖန်ဂိုင်၊ ကလမိုင်ဒီးယား၊ ပိုးကူးစက်ခံရခြင်းကြောင့် ဖြစ်ပွားသည်။ မျက်စိနာရောဂါသည် အသက်အရွယ်မရွေး၊ ကလေးလူကြီးအားလုံးတွင် ဖြစ်ပွားနိုင်သည်။ သာမန်အားဖြင့် ကလေးများတွင် ဖြစ်ပွားလေ့ရှိပြီး ၁၀ရက်မှ နှစ်ပတ်အတွင်း အလိုအလျောက် ပျောက်ကင်းနိုင်ပါသည်။ မျက်စိနာရောဂါသည် ရောဂါပိုးပါဝင်သောမျက်ဝတ်နှင့် အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်မိသည့် လက်မှ မျက်စိသို့ တိုက်ရိုက်ကူးစက်နိုင်ပါသည်။

**ရောဂါလက္ခဏာများ**

မျက်စိနာရောဂါဖြစ်ပွားပါက မျက်စိနီရဲခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ နံနက်အိပ်ရာထချိန်တွင် မျက်ဝတ်ထွက်၍ မျက်စိပိတ်နေခြင်း၊ မျက်စိယားခြင်း၊ အောင့်ခြင်း၊ မျက်ခွံများရောင်ရမ်းပြီး မျက်မြေးလွှာအောက်တွင် သွေးယိုစိမ့်ခြင်းများ ဖြစ်နိုင်ပါသည်။

မျက်စိနာရောဂါပြင်းထန်ပါက ကိုယ်အနည်းငယ်ပူပြီး မအီမသာဖြစ်ခြင်း၊ ခေါင်းကိုက် ဇက်ထိုးခြင်း၊ လည်ပင်းနှင့် မေးရိုးအောက် ဝန်းကျင်ရှိ အကျိတ်များ ရောင်ရမ်းခြင်း ဖြစ်နိုင်ပါသည်။

**မျက်စိနာရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်**

- **တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။**
- **မျက်စိနာရောဂါဖြစ်ပွားသူ၏ လက်ကိုင်ပဝါ၊ မျက်နှာသုတ်ပဝါ၊ ခေါင်းအုံး၊ အိပ်ရာ၊ ဖောင်တိန်၊ မျက်မှန် စသည်တို့ကို အတူတကွ အသုံးမပြုဘဲ သီးခြားသုံးစွဲပါ။**
- **မလွှဲမရှောင်သာ၍ ကိုင်တွယ် ထိစပ်မိပါကလည်း ကိုင်တွယ်ပြီးသည်နှင့် လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပါ။**
- **မလိုအပ်ဘဲ မျက်စိကို လက်ဖြင့်ပွတ်ခြင်းမှ ရှောင်ကြဉ်ပါ။**
- **ရောဂါကာကွယ်စေနိုင်သော ဟင်းသီးဟင်းရွက်၊ အသီးအနှံများနှင့် ဗီတာမင်စီကြွယ်ဝသော အစားအစာများကို စားသုံးပါ။**
- **မျက်စိနာရောဂါဖြစ်ပွားပါက ဆေးမြီးတိုများဖြင့် မကုသဘဲ တတ်ကျွမ်းနားလည်သည့် ကျန်းမာရေးဝန်ထမ်းနှင့်ပြသ၍ ကုသမှုခံယူပါ။**

**ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စာရေးဝန်ထမ်းများ မွမ်းမံသင်တန်းဆင်း

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီစာရေးဝန်ထမ်းများ မွမ်းမံသင်တန်းအမှတ်စဉ်(၂၄)ဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ စည်ပင်သာယာရေးကော်မတီဝန်ထမ်းသင်တန်းကျောင်း ခန်းမ၌ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲမှူး ဦးဝဏ္ဏဇော်အား လည်းကောင်း၊ သင်တန်းထူးချွန်ပထမဆုရထုတ်လုပ်ရေးဌာနမှ ဒေါ်မာလာ၊ ဒုတိယဆုရ ဒေါ်လွင်လွင်ခိုင်နှင့် တတိယဆုရ အင်ဂျင်နီယာ (ရေနှင့်သန့်ရှင်းမှု)ဌာန ဒေါ်ရီရီမြင့်တို့အားလည်းကောင်း ဆုများချီးမြှင့်၍သင်တန်းနည်းပြများကိုယ်စား ဌာနခွဲမှူး ဦးစောလှဦးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီးအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

**ကြာမြင့်**

အဆိုပါ စာရေးဝန်ထမ်းမွမ်းမံသင်တန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအောက်ရှိ ဌာနအသီးသီးမှ ဝန်ထမ်းသင်တန်းသားသင်တန်းသူ စုစုပေါင်း၁၀၀တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်း လယ်ဝေးမြို့ ပြည်သူ့ဆေးရုံတွင် အထူးကုဆရာဝန်များ ကွင်းဆင်းဆေးကုသ ဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေး



နေပြည်တော် ဩဂုတ် ၈

**ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဩဂုတ် ၆ ရက် နံနက်ပိုင်းက လယ်ဝေးမြို့ ပြည်သူ့ဆေးရုံ၌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ နေပြည်တော် ခုတင်(၃၀၀) အထူးကုဆေးရုံနှင့် ပျဉ်းမနား ခုတင်(၁၀၀)ဆေးရုံတို့မှ သမားတော်ကြီးများ၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၊ သားဖွားနှင့်မီးယပ်အထူးကု ဆရာဝန်ကြီးများ၊ ကလေးအထူးကု ဆရာဝန်ကြီးများ၊ မျက်စိအထူးကုဆရာဝန်ကြီးများ၊ မေ့ဆေးဆရာဝန်ကြီးများ၊ ဆေးဘက်ပညာကျွမ်းကျင်သူများ၊ လက်ထောက်ဆရာဝန်များဖြင့် ကွင်းဆင်းဆေးကုသမှုလုပ်ငန်းများဆောင်ရွက်ကြသည်။ အဆိုပါ ဆေးကုသမှုလုပ်ငန်းများဆောင်ရွက်နေမှုကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က သွားရောက်ကြည့်ရှုအားပေးကာ** (အပေါ်ပုံ) **လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

## ဆေးကုသမှုခံယူ

ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ရာတွင် အထွေထွေလူနာ ၃၇၄ ဦး၊ မျက်စိလူနာ ၃၉၁ ဦး၊ သွားကုသခံယူမည့်လူနာ ၈၈ ဦး၊ သားဖွားမီးယပ်လူနာ ၄၇ ဦး၊ ကလေးလူနာ ၇၁ ဦး၊ ခွဲစိတ်ကုသမှုခံယူရန် လိုအပ်သည့်လူနာ ၆၅ ဦး စုစုပေါင်း လူနာ ၁၀၃၆ ဦးတို့လာရောက်၍ ဆေးကုသမှုခံယူကြသည်။ အဆိုပါ လူနာများအနက် နေပြည်တော် ခုတင်(၃၀၀) အထူးကုဆေးရုံသို့ လူနာ ၁၃၁ ဦး လွှဲပြောင်းကုသရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

## စီစဉ်ဆောင်ရွက်ပံ့ပိုးပေး

ကွင်းဆင်းဆေးကုသရာတွင်မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ငွေကျပ်ရှစ်သိန်း လှူဒါန်းခဲ့ပြီး လူနာများအား အခမဲ့ဆေးကုသခွင့်ရရှိရေးနှင့် လယ်ဝေးပြည်သူ့ဆေးရုံသို့ လာရောက်၍ အခမဲ့စမ်းသပ် စစ်ဆေးကုသမှုခံယူ နိုင်ရေးတို့အတွက် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့တို့က စီစဉ်ဆောင်ရွက် ပံ့ပိုးပေးခဲ့ကြသည်။

## ပူးပေါင်းပါဝင်ခဲ့

ကွင်းဆင်းဆေးကုသမှုလုပ်ငန်းကို ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ်နှင့် ရပ်ကွက်တို့မှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များကလည်း ပူးပေါင်းပါဝင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





## ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက် ကမ္ဘောဇလမ်း အမှတ် (၁၁အေ–၁)နေ ဒုတိယဗိုလ်မှူးကြီး လှမြင့်(ငြိမ်း)–ဒေါ်စန်းကြည်တို့၏ နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာ အထိမ်းအမှတ်အဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နို(ရန်ကုန်ဌာန) တိ=နို(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

၂၀၀၆–၂၀၀၇ ပညာသင်နှစ်

ပညာ ပညာ

## ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၆ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်မှ (၁၉)ရက်

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

## ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ လယ်ဝေးမြို့ ပြည်သူ့ဆေးရုံအတွက် ငွေကျပ် ရှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်း[ဗဟန်း (၃)လမ်းမှတ်တိုင်အနီး]တွင် အမှတ် ၇၀/ပ ငွေဝတ်မှုံရိပ်သာ ရွှေတောင်ကြား(၁)ရပ်ကွက် ဗဟန်းမှ ဒေါ်တင်တင်အေး(ဒိုက်ဦး)အား ရည်စူး၍ ဒုတိယဗိုလ်ချုပ်ကြီးအေးသောင်(ငြိမ်း) မိသားစုက ငွေကျပ်နှစ်သိန်းတစ်သောင်းကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

# ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးလမ်းပြုပြင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက် ၆ နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းဆုံသို့ရောက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များက အနော်ရထာလမ်းမကြီး တစ်လျှောက် ပျက်စီးလျက်ရှိသည် လမ်းများပြုပြင်ဖာထေးနေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း၊ ပြည်လမ်းနှင့် ဗဟိုလမ်းအကြား အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှေ့၌စက်ယန္တရားများဖြင့် လမ်းပြုပြင်မွမ်းမံနေမှု၊ လှိုင်မြို့နယ် ရန်ကုန်–အင်းစိန်လမ်းမကြီး တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံရှေ့၌ လမ်းသားပြုပြင်နေမှုနှင့် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းမကြီး မြန်မာကွန်ဗင်းရှင်းစင်တာရှေ့ **(အောက်ပုံ)** ၌ ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရန် လမ်းသားပြုပြင်နေမှု လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် မြို့တော်ဝန်က လိုအပ်သည်များကို မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မာဒေးကားဘောလုံးပြိုင်ပွဲ မြန်မာပါဝင်ဆင်နွှဲမည် မြန်မာအသင်း ချန်ပီယံဆုများဆွတ်ခူးခဲ့သောပြိုင်ပွဲဖြစ် ပဏာမလက်ရွေးစင်အသင်း အပြင်းအထန်လေ့ကျင့်နေ

သတင်းဆောင်းပါး-စိုင်းရဲရင့်၊ ဓာတ်ပုံမှတ်တမ်း-ကိုကိုစိုးညွန့်

**ရန်ကုန် ဩဂုတ် ၈**

မြန်မာဘောလုံးရွှေခေတ်ကမြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၏ အောင်မြေ၊ အောင်ပွဲများစွာ ရယူနိုင်ခဲ့သော ပြိုင်ပွဲတစ်ခုဖြစ်သည်။ မာဒေးကားဖလား ဘောလုံးပြိုင်ပွဲကြီးသို့ ယခု ၂၀၀၆ခုနှစ်တွင် တစ်ကျော့ပြန် ပါဝင်ဆင်နွှဲတော့မည်ဖြစ်သည်။



ပဏာမလက်ရွေးစင်ကစားသမားများ စုပေါင်း၍ ဤသို့ အပြေးလေ့ကျင့်ကြသည်။ (ဓာတ်ပုံ-ကိုကိုစိုးညွန့်)

မလေးရှားနိုင်ငံ၏ လွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော မာဒေးကားဖလားဘောလုံးပြိုင်ပွဲသည် သက်တမ်းအားဖြင့် နှစ် ၅၀ ပြည့်တော့မည်ဖြစ်ပြီး အကြိမ်အားဖြင့်ဆိုလျှင် ယခုနှစ်တွင် (၃၈)ကြိမ်မြောက်ရှိသည့် သက်တမ်းရင့်ပြိုင်ပွဲတစ်ခုဖြစ်ပေသည်။ မာဒေးကားဖလားဘောလုံးပြိုင်ပွဲသည် အဆင့်မြင့်ပြိုင်ပွဲတစ်ခုဖြစ်ပြီး မြန်မာအသင်းယှဉ်ပြိုင်ကစားခဲ့သော ဆယ်စုနှစ်တစ်ခုကျော်ကြာ ကာလအတွင်းတွင်မူ တောင်ကိုရီးယား၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အိမ်ရှင်မလေးရှား စသည့်အာရှမှ ဘောလုံးအင်အားကြီး အသင်းများအပြင် သမုဒ္ဒရာဇုန်မှ အနောက်ဩစတြေးလျအသင်းပါ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

အဆိုပါ မာဒေးကားဖလားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် ချန်ပီယံဆုသုံးကြိမ် (ပူးတွဲချန်ပီယံတစ်ကြိမ် အပါအဝင်)၊ ဒုတိယသုံးကြိမ်နှင့်တတိယ လေးကြိမ် ဆွတ်ခူးရရှိသည်အထိ စွမ်းဆောင်ထားနိုင်သည်။ မြန်မာအသင်းသည် မာဒေးကားပြိုင်ပွဲ၌ ထူးထူးခြားခြားအောင်မြင်မှုများအနေဖြင့် ၁၉၆၄ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ရှစ်နှစ်တာကာလအတွင်း ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်တစ်ခုခုကို မလွတ်တမ်းရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်အချိန် ကာလက မြန်မာအသင်းတွင် ပင်ကိုဘောလုံးဗီဇကောင်းပြီး အရည်အသွေးပြည့်ဝသော ဘောလုံးသမားကောင်းများဖြင့် အာရှအဆင့်၊အရှေ့တောင်အာရှအဆင့်ပြိုင်ပွဲများတွင် အစွမ်းပြနေချိန်လည်းဖြစ်သည်။ ၁၉၆၂ မာဒေးကားဖလားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့်အောင်မြင်မှုမရခဲ့သော်လည်း တစ်ဦးချင်းရော အသင်းလိုက်ဖြင့်ပါ ဟန်ချက်ညီစွာ ခြေစွမ်းပြကစားနိုင်ခဲ့မှုကြောင့် မြန်မာအသင်း၏ကစားပုံ၊ ကစားဟန်ကို နှစ်ခြိုက်ချီးကျူးခဲ့သော မလေးရှားဝန်ကြီးချုပ် ဖြစ်သူ (အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌပါ ဖြစ်သူ) ကြည့်ရှုနိုင်ရန် ပွဲချိန်များအားပြောင်းလဲပေးခဲ့ရကြောင်း ဆရာဦးထိန်လင်း(တံခွန်)ရေးသားသော မြန်မာနှင့်ဘောလုံးစာအုပ်တွင် တွေ့ရသည်။

## ရယူနိုင်

မာဒေးကားပြိုင်ပွဲတွင် မြန်မာအသင်းရရှိခဲ့သော အောင်မြင်မှုများမှာ ၁၉၆၄ ခုနှစ်တွင် ချန်ပီယံ၊ ၁၉၆၇ ခုနှစ်တွင် တောင်ကိုရီးယားနှင့် ပူးတွဲချန်ပီယံ၊ ၁၉၇၁ ခုနှစ်တွင် ချန်ပီယံဆုများရရှိခဲ့သည်။ ဒုတိယ (ငွေတံဆိပ်)ဆုများကို ၁၉၆၆ ခုနှစ်၊ ၁၉၆၈ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ်၊ တတိယ(ကြေးတံဆိပ်)ဆုများကို ၁၉၆၅ ခုနှစ်၊ ၁၉၆၉ ခုနှစ်၊ ၁၉၇၃ ခုနှစ်နှင့် ၁၉၇၅ ခုနှစ်တို့တွင် ရယူပေးနိုင်ခဲ့သည်။

## ယှဉ်ပြိုင်ကစားမည်

မာဒေးကားဘောလုံးပြိုင်ပွဲ၌ အစဉ်အလာမသေးခဲ့သည့် မြန်မာအသင်း တစ်ကျော့ပြန်ယှဉ်ပြိုင်မည့် (၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၃ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင် မလေးရှား၊ မြန်မာ၊ ထိုင်းနှင့် အင်ဒိုနီးရှား လေးသင်းတို့က ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်း ဗိုလ်လုပွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဩဂုတ် ၂၃ ရက်တွင် ထိုင်းအသင်း၊ ၂၅ရက်တွင် အင်ဒိုနီးရှား၊ ၂၇ရက်၌ အိမ်ရှင်မလေးရှားတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာအသင်းသည် ဇွန် ၁၈ ရက်မှစ၍ ပဏာမကစားသမား ၃၂ ဦးဖြင့် စတင်စခန်းဝင်လေ့ကျင့်ခဲ့ပြီး နည်းပြများအဖြစ် ဦးဆန်းဝင်းနှင့် ဦးကြည်လွင်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်တို့က လေ့ကျင့်ပေးခဲ့သည်။ ဇွန်လ တတိယပတ်မှ ဇူလိုင် ၂၂ ရက်အထိကျင်းပခဲ့သော မြန်မာလိဂ်အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲတွင် ခြေစွမ်းပြခဲ့ကြသော မျိုးလှိုင်ဝင်း(ဘဏ္ဍာ/အခွန်)၊ မင်းသူ (စီးပွား/ ကူးသန်း)နှင့် အောင်ကျော်ထွန်း(သစ်တော)တို့ သုံးဦးကို ပြိုင်ပွဲအပြီးတွင် ထပ်မံအားဖြည့်ခဲ့ပြီး မူလရွေးချယ်ထားသည့် ၃၂ဦးထဲမှ နောက်ခံလူ အေးစန်း(ကမ္ဘောဇ)ကို ကွင်းဖွင့်ပြိုင်ပွဲမပြီးခင်မှာပင် မိခင်ကလပ်သို့ ပြန်ပို့လိုက်သည်။ ဇူလိုင် ၂၇ရက်နှင့် ၂၉ရက်တွင် ယင်းကစားသမား ၃၄ဦး ပဏာမလက်ရွေးစင် (က)နှင့်(ခ) အသင်း ဟူ၍ နှစ်သင်းခွဲပြီး အောင်ဆန်းကွင်းတွင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ အဆိုပါ ခြေစမ်းပွဲအပြီးတွင် ပဏာမကစားသမား ၂၅ဦးအထိ လျှော့ချလိုက်ရာ နိုင်ငံတကာအတွေ့အကြုံရှိသည့် ကစားသမားအများစု ပါဝင်လာပြီး မြန်မာ့လက်ရွေးစင်အဖြစ် မပါဝင်ဖူးသေးသူ ကိုးဦး ပါဝင်လာသည်။

## အပြီးသတ်

ယခုအခါ ယင်းပဏာမကစားသမား ၂၅ဦးကို ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးလျက်ရှိပြီး မကြာမီ အပြီးသတ် ၁၈ဦးကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ အပြီးသတ်ရွေးချယ်နိုင်ရန် ဩဂုတ် ၉ရက်မှ ၁၂ ရက်အထိ သုဝဏ္ဏကွင်းတွင် မီးမောင်းကြီးများထွန်း၍ လေ့ကျင့်သွားမည်ဖြစ်ပြီး ၁၁ ရက်ညပိုင်းတွင် နှစ်ဖက်ခွဲ၍ ခြေစမ်းကစားမည် ဖြစ်သည်။

မာဒေးကားဖလားပြိုင်ပွဲ အတွက် လေ့ကျင့်ပြင်ဆင်နေသော မြန်မာအသင်းနှင့် ပတ်သက်၍ နည်းပြဦးဆန်းဝင်းက မြန်မာ့အလင်းသို့ ဤသို့ပြောပြသည်။

## ဖွဲ့စည်းထား

"အသင်းကို မြန်မာလိဂ် အဆင့်မြင့်တန်းမှ အကောင်းဆုံးဘောလုံးသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲအား ယှဉ်ပြိုင်ရန် အသင်းမှ ကစားသမားများကို အဆင့်ဆင့် ရွေးချယ်လာရာ ယခု ပဏာမကစားသမား ၂၅ဦးသာ ကျန်တော့ကြောင်း၊ အပြီးသတ် ၁၈ ဦးရွေးချယ်နိုင်ရန် ဩဂုတ် ၉ရက်မှ ၁၂ရက်အထိ ညပိုင်းတွင် ကစားကျင့်ရှိရန် မီးများဖြင့် လေ့ကျင့်သွားမှာဖြစ်ကြောင်း၊ ၁၁ ရက်တွင် ခြေစမ်းပွဲကစားပြီး နောက်ဆုံးအဆင့် ရွေးချယ်သွားမှာဖြစ်ကြောင်း။

## လေ့ကျင့်ပေးနေ

အသင်းကို မိမိတို့လိုချင်သည့်ပုံစံရအောင် ပြင်းပြင်းထန်ထန်လေ့ကျင့်ပေးနေကြောင်း၊ လေ့ကျင့်ရာတွင်လည်း နည်းပြဦးကြည်လွင်နှင့် ညှိနှိုင်းပြီးမှ အသင်းကို တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ လေ့ကျင့်ချိန် တစ်လကျော်ရလာ၍ အသင်းမှာ တိုးတက်မှုရှိလာကြောင်း၊ လူငယ်ကစားသမား အချို့မှာလည်း ပိုမိုတိုးတက်လာကြ၍ အသင်းအတွက် များစွာ အထောက်အကူပြုကြောင်း၊ မာဒေးကားပြိုင်ပွဲတွင် တွေ့မည့်အသင်းများမှာ အဘက်ဘက်မှ ပြည့်စုံသည့် အသင်းများမဟုတ်၍ မြန်မာအသင်းနှင့် ကွာခြားမှုမရှိကြောင်း၊ မာဒေးကားပြိုင်ပွဲမှစပြီး ရှေ့လာမည့်ပြိုင်ပွဲတွေမှာ ယင်းအသင်းတွေကိုအနိုင်ရလာမည်ဟု ယုံကြည်ကြောင်း၊ မိမိလက်ရွေးစင်နည်းပြအဖြစ် စတင်ကိုင်တွယ်ပြီး အလုပ်ပေးချင်ဆုံးဆန္ဒမှာ မြန်မာအသင်းကို ပြိုင်ပွဲတိုင်းမှာ အောင်မြင်မှုတွေ ရယူပေးလိုကြောင်း" ဖြင့် ပြောကြားသွားသည်။

## ပဏာမကစားသမား

ရွေးချယ်လေ့ကျင့်လျက်ရှိသော ပဏာမကစားသမား ၂၅ ဦးမှာ **ဂိုး**- ကိုကိုအောင်(ကမ္ဘောဇ)၊အောင်အောင်ဦး(ဘဏ္ဍာ/အခွန်)၊ ဇော်မိုးထက်(စီးပွား/ကူးသန်း)၊ **နောက်တန်း**- မင်းသူ (စီးပွား/ကူးသန်း)၊ အောင်ဇော်မျိုး (မြို့တော်စည်ပင်)၊ ဇော်ထက်အောင် (စွမ်းအင်)၊ ဇော်လင်းထွန်း (စီးပွား/ကူးသန်း)၊ ဟန်ဝင်းအောင် (ကမ္ဘောဇ)၊ ခင်မောင်လွင်(လယ်/ဆည်)၊ ကျော်ဇေယျာမင်း(ပို့ဆောင်ရေး)၊ မိုးဝင်း (စီးပွား/ကူးသန်း)၊ **အလယ်တန်း**- စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)၊ အောင်မျိုးသန့်(စီးပွား/ကူးသန်း)၊ အောင် ကျော်မိုး(ဘဏ္ဍာ/အခွန်)၊ စိုးသီဟအောင်(ဆောက်လုပ်ရေး)၊ ခင်မောင်ထွန်း(ဘဏ္ဍာ/အခွန်)၊ ကျော်ခိုင်ဝင်း (စွမ်းအင်)၊ ကျော်သီဟ (ကမ္ဘောဇ)၊ မျိုးမင်းထွန်း (စီးပွား/ကူးသန်း)၊ အောင်မြင့်အေး(မြို့တော်စည်ပင်)၊ ဇော်ဇော်(မြို့တော်စည်ပင်)၊ **ရှေ့တန်း**- ရန်ပိုင်(ဘဏ္ဍာ/အခွန်)၊ ဆန်းဒေးသိန်း (ဆောက်လုပ်ရေး)၊ ကျော်သူရ(ဘဏ္ဍာ/အခွန်)နှင့် စည်သူဝင်း(ပြည်ထဲရေး)တို့ ဖြစ်ကြသည်။

အတိတ်က အစဉ်အလာရှိခဲ့သည့် မာဒေးကားပြိုင်ပွဲတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုများပြန်လည်ရယူနိုင်ရန် မြန်မာအသင်းအနေဖြင့် ကြိုးစားပြင်ဆင်နေသကဲ့သို့ မြန်မာဘောလုံးအသင်း မည်သည့်အဆင့်ထိရောက်ရှိမည်ကို မြန်မာဘောလုံးပရိသတ်များက စောင့်မျှော်အကဲခတ်ကြရမည်ဖြစ်ပေသည်။ ။

**(မြန်မာ့အလင်း)**



# မုံရွာအပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၈**

မုံရွာဂေါက်ကလပ်ကကြီးမှူး၍ International Beverages Trading Co., Ltd. အဓိကပံ့ပိုးမှုဖြင့် မုံရွာ အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၂၉ ရက်နှင့် ၃၀ ရက်က မုံရွာမြို့ မုံရွာဂေါက်ကလပ်၌ ကျင်းပသည်။

အခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက မုံရွာဂေါက်ကလပ်၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့် I.B.T.C ကုမ္ပဏီမှ Design & Development Director ဦးတင့်ဦးတို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးခဲ့သည်။

## ဆုပေးအပ်

မုံရွာအပျော်တမ်းဂေါက်သီးရိုက် ပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် ညနေပိုင်းက မုံရွာဂေါက်ကလပ်မြက်ခင်းပြင်၌ကျင်းပသည်။ ရှေးဦးစွာ တာဝန်ရှိသူများက အဝေးဆုံးရိုက်ချက်ဆုရရှိသော တင်လင်းကို(ပခုက္ကူ)၊ အနီးဆုံးရိုက်ချက်ဆုရရှိသော ဒဲရစ်တက်တိုး (KM)၊ နေ့အလိုက်အကောင်းဆုံးရိုက်ချက်ဆုရရှိကြသော နိုင်နိုင်လင်း (KM)၊ ခင်မောင်ဆွေ၊ အောင်ညိုဦး (မုံရွာ)၊ အောင်သန်းထိုက်(ကလေး)၊ ဗိုလ်မှူးမျိုးဟန်ချင်း(မုံရွာ)နှင့် မြင့်ထွန်း (မုံရွာ)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ I.B.T.C ကုမ္ပဏီမှ Design & Development Director ဦးတင့်ဦးက ကြေးအဆင့်ပြိုင်ပွဲ၌ စုစုပေါင်း အသားတင်ရိုက်ချက် ၁၃၅ ချက်ဖြင့် ဒုတိယရရှိသော မြင့်ထွန်း (မုံရွာ)နှင့် စုစုပေါင်း အသားတင်ရိုက်ချက် ၁၂၉ ချက်ဖြင့် ပထမရရှိသော ဦးဝင်း(မုံရွာ)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

## ရွှေအဆင့်

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ငွေအဆင့်ပြိုင်ပွဲ၌ စုစုပေါင်းအသားတင်ရိုက်ချက် ၁၄၂ ချက်ဖြင့် ဒုတိယဆုရရှိသော အောင်သက်နိုင် (ရွှေဘို)နှင့် စုစုပေါင်းအသားတင်ရိုက်ချက် ၁၃၈ချက်ဖြင့် ပထမရရှိသော ခင်မောင်ဆွေ (မုံရွာ)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** ဆက်လက်၍ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ရွှေအဆင့်ပြိုင်ပွဲ၌ စုစုပေါင်း အသားတင်ရိုက်ချက် ၁၄၂ ချက်ဖြင့် ဒုတိယရရှိသော သန်းနိုင်ဦး(မုံရွာ)နှင့် စုစုပေါင်း အသားတင်ရိုက်ချက် ၁၄၂ ချက်ဖြင့် ပထမရရှိသော အောင်လွင်မိုး(မုံရွာ)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။ **(က-ပ)**



**မြန်မာအသင်းအတွက် ခေါင်းတိုက်ပြီး အဆုံးအဖြတ်ဂိုးများသွင်းယူပေးလေ့ရှိသူ စိုးမြတ်မင်း၏ ခေါင်းတိုက်လေ့ကျင့်ဟန်။**
(ဓာတ်ပုံ-ကိုကိုစိုးညွန့်)

# ကမ္ဘာ့ဘောလုံးသတင်း နောက်ဆုံးဖြစ်ရပ်များ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

**ကမ္ဘာ့ဘောလုံးသတင်းများနှင့် ပတ်သက်သည့် နောက်ဆုံးဖြစ်ရပ်များကို မြန်မာ့အလင်းဘောလုံးပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။**

### ဒရော့ဘာ ချယ်လ်ဆီးနှင့် ထပ်မံစာချုပ်မည်

အိုင်ဗရီကို့စ်တိုက်စစ်မှူးနှင့် ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာသည် ချယ်လ်ဆီးအသင်းနှင့် လေးနှစ်စာချုပ် ထပ်မံချုပ်ဆိုမည်ဖြစ်ကြောင်း ပြောကြားသည်။ ၎င်းစာချုပ်ချုပ်ဆိုမည်ကို ရာသီအကြိုခြေစမ်းပွဲအဖြစ် အမေရိကန်သို့ သွားရောက်ကစားခဲ့ပြီးနောက် ယခုကဲ့သို့ စာချုပ်အသစ်ချုပ်ဆိုမှုကို ပြောကြားလိုက်ခြင်းဖြစ်သည်။



ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာ။ (ဓာတ်ပုံ- အင်တာနက်)

ချယ်လ်ဆီးအသင်းတွင် ပုံမှန်နေရာရရှိရေးအတွက် မော်ရင်ဟိုနှင့် ဆွေးနွေးခဲ့ပြီးနောက် ယခုကဲ့သို့ လေးနှစ်စာချုပ်ချုပ်ဆိုမည်ဟု ဒရော့ဘာက ပြောကြားခြင်းဖြစ်သည်။ မော်ရင်ဟိုနှင့် မိမိတို့ချယ်လ်ဆီး၌ မိမိ၏ ရပ်တည်မှုအနေအထားနှင့်ပတ်သက်၍ သဘောတူညီမှု ရရှိခဲ့ကြောင်းလည်း ဒရော့ဘာက ပြောကြားသည်။

### မက်ဂွန်ဇာလက်ဇ်ကို ချီလီနည်းပြခေါ်ယူမည်

လီဗာပူးအသင်းကွင်းလယ်တွင် ကစားနေသော ချီလီကစားသမား မက်ဂွန်ဇာလက်ဇ်အား နိုင်ငံ့လက်ရွေးစင်အဖြစ် ခေါ်ယူရေးကြိုးစားသွားမည်ဟု ချီလီနည်းပြ နယ်ဆင်အက်ကိုစတာက ပြောကြားလိုက်သည်။

ချီလီ လက်ရွေးစင်ဘောလုံးသမားအဖြစ်မှ အနားယူထားသည့် ကွင်းလယ်ကစားသမား မက်ဂွန်ဇာလက်ဇ်အား ချီလီအသင်း လာမည့်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်ရေးအတွက် ပြန်လည်ခေါ်ယူရန် မိမိကြိုးစားနေကြောင်း နယ်ဆင်အက်ကိုစတာက ပြောကြားသည်။

ဂွန်ဇာလက်ဇ်အနေဖြင့် ချီလီဘောလုံးအသင်း၌ ကစားရန် ဆန္ဒမရှိကြောင်း ထုတ်ဖော်ပြောကြားထားသည်။ ချီလီအသင်းသည် ဩဂုတ် ၁၆ ရက်၌ ကိုလံဘီယာ အသင်းနှင့် ချစ်ကြည်ရေးပွဲကစားရန်ရှိရာ နည်းပြ နယ်ဆင်အက်ကိုစတာက မက်ဂွန်ဇာလက်ဇ်အမည်ကို ထည့်သွင်းထားသည်။

### ကားလို့စ် တီဗက်ဇ်ကို မန်ယူကခေါ်ယူရန်ကြိုးစားနေ

အာဂျင်တီးနားဘောလုံးသမားနှင့် ကိုရင်သီယန်အသင်း ကစားသမား ကားလို့စ်တီဗက်ဇ်ကို မန်ယူအသင်းက ခေါ်ယူရန် ကြိုးစားနေကြောင်း သိရသည်။

ကားလို့စ်တီဗက်ဇ်အနေဖြင့် ကိုရင်သီယန်ကလပ်နှင့် ဆက်ဆံရေး အဆင်မပြေဖြစ်လျက်ရှိရာ ကလပ်အသင်းမှ ထွက်ခွာရန်စီစဉ်နေပြီဖြစ်သည်။ ကားလို့စ်တီဗက်ဇ်ကို ဥရောပ ဘောလုံးကလပ်အသင်းများနှင့် မန်ယူတို့က ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

မိမိအနာဂတ်မည်သို့ဖြစ်မည်ကို မသိကြောင်း၊လာမည့်လ သို့မဟုတ် ယခုနှစ်ကုန်တွင် မိမိအနေအထား တစ်မျိုးပြောင်းနေမည်ဖြစ်ကြောင်း ကားလို့စ်တီဗက်ဇ်က ပြောကြားသည်။

### ဂျာစီနံပါတ်နှင့် ပတ်သက်၍ မိုက်ကယ်ဘောလက်က ပြဿနာမရှိကြောင်း ပြောကြား

ဂျာမနီ ဘောလုံးသမားနှင့် ချယ်လ်ဆီးကွင်းလယ် ကစားသမားဖြစ်သူ မိုက်ကယ်ဘောလက်က မိမိအနေဖြင့် ဂျာစီအင်္ကျီ၏ ကျောနံပါတ်မှာ ပြဿနာမရှိကြောင်း ပြောကြားလိုက်သည်။

မိမိအနေဖြင့် ဘေယာလေဗာကူဆင်နှင့် ဘေယန်မြူးနစ်ကလပ်များတွင်ကစားခဲ့စဉ်ကာလတစ်လျှောက်လုံး ကျောနံပါတ် ၁၃ ဂျာစီအင်္ကျီကို ဝတ်ဆင်ကစားခဲ့ကြောင်း ဘောလက်က ပြောကြားသည်။

ချယ်လ်ဆီးရောက်ချိန်၌ မော်ရင်ဟိုအား မိမိ၁၃နံပါတ် ဂျာစီလိုချင်ကြောင်း ပြောကြားခဲ့သော်လည်း မဖြစ်နိုင်ကြောင်း၊ ဂါးလက်စ်က ၎င်းနံပါတ်ကို ဝတ်ဆင်မည် ဖြစ်ကြောင်း မော်ရင်ဟိုက ပြောခဲ့သည်ဟု မိုက်ကယ်ဘောလက်က ပြောကြားသည်။

### တော့တင်ဟမ်အသင်း ပရိသတ်များ အဖမ်းခံရ

ဂျာမန်ကလပ် ဒေါ့မွန်နှင့် တော့တင်ဟမ် ဟော့စပါးအသင်းတို့ ရာသီအကြိုခြေစမ်းပွဲကို ဂျာမနီနိုင်ငံ၌ ယခုရက်ပိုင်းအတွင်းကစားခဲ့ရာ ပရိသတ်များ ခိုက်ရန်ဒေါသဖြစ်ပွားခဲ့သဖြင့် တော့တင်ဟမ်အသင်းပရိသတ် ၁၀ ဦးအား ဂျာမနီရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ အဆိုပါပွဲ၌ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ **(အင်တာနက်)**

# ကမ္ဘာတစ်လွှား အားကစား

## လီဗာပူးနှင့် အစ္စရေးတို့၏ ချန်ပီယံလိဂ်ခြေစစ်ပွဲ ဘင်နီတက်ဇ်၏ဆန္ဒအရ ယူကရိန်း၌ ကစားကြမည်

ရေးသားတင်ပြသူ

မြင့်မောင်စိုး

**လန်ဒန် ဩဂုတ် ၈**

ချန်ပီယံလိဂ် တတိယအဆင့် ခြေစစ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းသည် အစ္စရေး အမှတ်ပေးချန်ပီယံ



လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်။ (ဓာတ်ပုံ- အင်တာနက်

မက္ကာဘီဟိုင်ဖာအသင်းနှင့် ဟိုင်ဖာမြို့၌ ဩဂုတ် ၂၂ ရက် သို့မဟုတ် ၂၃ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သို့သော်လည်း လီဗာပူးနည်းပြ ဘင်နီတက်ဇ်က အစ္စရေးနိုင်ငံ၌လက်ရှိဖြစ်ပွားနေသော ပဋိပက္ခကြောင့် သွားရောက် မကစားလိုကြောင်း၊ ကြားနေနိုင်ငံတစ်နိုင်ငံ၌သာ ကစားလိုကြောင်း တောင်းဆိုထားခဲ့သည်။ ယခုအခါ ယူအီးအက်ဖ်အေက အဆိုပါဘောလုံးအသင်း နှစ်သင်းအား ချန်ပီယံလိဂ် တတိယဆင့်ပွဲစဉ်ကို ကြားနေနိုင်ငံတစ်နိုင်ငံ၌ ကျင်းပပေးရန် ဆုံးဖြတ်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။

### ကစားခွင့်ရရှိ

လီဗာပူးအသင်းနှင့် မက္ကာဘီဟိုင်ဖာ အသင်းတို့သည် ဩဂုတ် ၂၃ ရက်တွင် ယူကရိန်းနိုင်ငံ ဒီနာမိုကီယက်ဗ်ကွင်း၌ ယှဉ်ပြိုင်ကစားခွင့် ရရှိခဲ့သည်။

အစ္စရေးကလပ်အသင်းနှင့်အစ္စရေးသံတမန်က ယူကရိန်း၌ အဆိုပါပြိုင်ပွဲကို ကျင်းပခွင့်တောင်းဆိုလာ၍ ခွင့်ပြုပေးလိုက်ကြောင်း ဒီနာမိုကီယက်ဗ်အသင်းဥက္ကဋ္ဌ အီဂေါ်ဆူကစ်က ပြောကြားသည်။

ယူကရိန်းနိုင်ငံ၌ ကျင်းပမည့် ယင်းပြိုင်ပွဲအတွက် လုံခြုံရေးအပြည့်အဝ အာမခံချက်ပေးနိုင်လိမ့်မည်ဟူ၍လည်း ၎င်းက ပြောကြားသည်။

### စိုးရိမ်နေရ

အစ္စရေးအသင်းသည် အိမ်ကွင်းကစားရမည့် အခြားသောပွဲစဉ်များကို လုံခြုံရေးစိုးရိမ်နေရသဖြင့် ပြည်ပကြားနေနိုင်ငံကွင်းများတွင်သွားရောက်ကစားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

## ချယ်လ်ဆီးတိုက်စစ်မှူး ခရက်စပို အင်တာမီလန်သို့ အငှားချထား

**လန်ဒန် ဩဂုတ် ၈**

ချယ်လ်ဆီးတိုက်စစ်မှူး ခရက်စပိုသည် အင်တာမီလန်အသင်းသို့ နှစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ရန် ဆက်သွယ်ခဲ့သည်။

### အလွတ်

အသက်၃၁နှစ်ရှိ အဆိုပါ တိုက်စစ်မှူးသည် အငှားဖြင့် သွားရောက်ကစားမည်ဖြစ်သည်။ ထိုပြောင်းရွှေ့မှုသည် စတမ်းဖို့ဒ်ဘရစ်၌ ခရက်စပို၏ စာချုပ် ကုန်ဆုံးချိန်တွင် ပြောင်းရွှေ့စရိတ်မပါဘဲ အလွတ်ပြောင်းရွှေ့မှုလည်း ဖြစ်လာနိုင်သည်။

ခရက်စပိုအား ချယ်လ်ဆီးက ၂၀၀၃နှစ် ဩဂုတ်လက အင်တာမီလန်အသင်းမှ ပေါင် ၁၆ ဒသမ ၈ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

### ခံယူထား

အာဂျင်တီးနားကစားသမား ခရက်စပိုသည် မကြာသေးမီက အီတလီနိုင်ငံသား အဖြစ် ခံယူထားသည်။မီလန်မြို့ ဆင်ခြေဖုံး၌ ကိုယ်ပိုင်အိမ်တစ်လုံးလည်း ၎င်းတွင် ပိုင်ဆိုင်ထားသည်။

### ပျော်ရွှင်

မိမိသည် ပါးမား၊ လာဇီယို၊ အင်တာမီလန်နှင့် အေစီမီလန် တိုက်စစ်မှူးတာဝန်များ ကစားခဲ့သဖြင့် အင်တာမီလန်သို့ပြန်ရမည်မှာ ပျော်ရွှင်နေမိကြောင်း ခရက်စပိုက ပြောကြားသည်။ **(အင်တာနက်)**




**ကုန်သည်/စက်မှုအသင်းချုပ် အဆောက်အအုံသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်**

**ရန်ကုန် ဩဂုတ် ၈**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ကို လမ်းမတော်မြို့နယ် အမှတ်(၉)ရပ်ကွက် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ရှိ UMFCCI Office Towerသို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီးဖြစ်သည်။ အသင်းချုပ်နှင့်သက်ဆိုင်သည့် ရုံးကိစ္စလုပ်ငန်းများကို ဖုန်း-၂၁၄၃၄၄-၄၉၊ဖက်စ် ၂၁၄၄၈၄၊အီးမေးလ်umcci @mptmail. net. mm. တို့ဖြင့် ဆက်သွယ်ဆောင်ရွက်ကြရန် သတင်းရရှိသည်။ **(သတင်းစဉ်)**



# တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ အသိပညာပေးဟောပြော မြိတ်မြို့ ခုတင်-၂၀၀ဆံ့ဆေးရုံကြီးမှ လူနာများအား ကြည့်ရှုအားပေး

မြိတ် ဩဂုတ် ၂

**တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲနှင့် အဖွဲ့ဝင်အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၈ရက်က မြိတ်မြို့ နောက်လယ်ရပ်ကွက် KMK အအေးခန်းစက်ရုံတွင် ကျင်းပသည်။**

အခမ်းအနားတွင် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန်းဌေးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်က အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းခင်ညွန့်နွယ်က လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးရေးအကြောင်းကိုလည်းကောင်း၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် တွဲဖက်တိုင်းတရားသူကြီး ဒေါ်ခင်သင်းဝေက အမျိုးသမီးများအား အကာအကွယ်ပေးရေးဥပဒေများအကြောင်းကို လည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သူဇာတင်က အမျိုးသမီးများ အကြမ်းဖက်မှုဆိုင်ရာအကြောင်းကို လည်းကောင်း ဟောပြောဆွေးနွေးသည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သန်းဌေးသို့ KMK အအေးခန်းစက်ရုံ စာရင်းကိုင်ချုပ် ဒေါ်မြတ်မြတ်ခိုင်က အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၁၀၀ကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ ခုတင်-၂၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိ၍ ဆေးရုံတွင် တက်ရောက်ဆေးဝါးကုသခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးသည်။

ယင်းနောက် KNUသောင်းကျန်းသူများထောင်ထားသော မြေမြှုပ်မိုင်းနင်းမိ၍ ခြေထောက်ဖြတ်တောက်ဆေးဝါးကုသခံယူနေသော မြိတ်ခရိုင် တနင်္သာရီမြို့နယ် ကျောက်လုံးကြီးကျေးရွာအုပ်စု ကမ်းနီးကျွန်းကျေးရွာမှ ဒေါ်နော်ဇာရီးအား တိုင်းအမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၅၀၀၀၀၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်၅၀၀၀၀၊ ဦးမြလွင်-ဒေါ်ရှုအင်မိသားစုက ငွေကျပ် ၅၀၀၀၀၊ ဦးထွန်းကြည်-ဒေါ်မြမြလွင်မိသားစုက ငွေကျပ် ၃၀၀၀၀၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၀၀၀၀ စုစုပေါင်းငွေကျပ် နှစ်သိန်းကို တိုင်းအမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ခင်သန်းဌေးနှင့်အဖွဲ့က ပေးအပ်လှူဒါန်းကြသည်။

**(ခရိုင် ပြန်/ဆက်)**



# တာချီလိတ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးမှူး အရန်သားဖွားသင်တန်းဖွင့်၊ ရည်ရွယ်ချက်နှင့်စည်းကမ်းများရှင်းလင်း

တာချီလိတ် ဇူလိုင် ၂၀

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ အရန်သားဖွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၀ရက် နံနက် ၈နာရီက ခရိုင်ပြည်သူ့ဆေးရုံဝင်း မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ကျင်းပသည်။**

**ပြောကြား**

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်သူသူမင်းစံက သင်တန်းဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်အေးကြည်က သင်တန်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်း**

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး ဒေါက်တာမောင်မောင်ယုက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

သင်တန်းသို့ ကျေးရွာရပ်ကွက်များမှသင်တန်းသူ၂၅ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်သည်။**(ခရိုင် ပြန်/ဆက်)**



**သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊စက်ယန္တရားများကို ဩဂုတ် ၂ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူး ဦးစိုးရန်နိုင် ကွင်းဆင်းစစ်ဆေးစဉ်။**
(မြို့နယ် စည်ပင်)



**ထားဝယ်မြို့ ဆိပ်ကမ်းသာပန်းခြံ သာယာလှပရေးအတွက် ဂိတ်အင်ဆောင် တည်ဆောက်ခြင်းကို ဇူလိုင် ၂၆ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန်းဇော်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။**
(မြို့နယ် စည်ပင်)

# အိမ်ရှင်မများ တိုင်းရင်းဆေးပညာသင်တန်းဖွင့် ပရဆေးပင်စိုက်ခင်း လက်တွေ့ကြည့်ရှုလေ့လာ

ကျောင်းကုန်း ဩဂုတ် ၂

**မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အိမ်ရှင်မများ တိုင်းရင်းဆေးပညာသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီက ကျောင်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။**

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဇင်ဝင်းနှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများ၊ သင်တန်းနည်း ပြများ၊ ရပ်ကွက်နှင့် ကျေးရွာမှ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဇင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဇင်ဝင်းနှင့် သင်တန်းနည်းပြများနှင့် သင်တန်းသူ ၆၅ ဦးတို့က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးဝင်းအတွင်း စိုက်ပျိုးထားသောပရဆေးပင်များစိုက်ခင်းကို လက်တွေ့ ကြည့်ရှုလေ့လာကြကြောင်းသိရသည်။ **(၂၆၅)**

# ပြင်ဦးလွင် လမ်းများပြုပြင်

**ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်က ဈေးလေးအဝိုင်းနှင့် စက်မှုတြိဂံကြားရှိ လမ်းပေါက်များ ပြုပြင်ဖာထေးခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် စည်ပင်)



# မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ ရက်**
**၁၀-၈-၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

- ၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မျိုးကောင်းမျိုးသန့်နှင့် မျိုးစေ့မျိုးဆန်အကြောင်းဟောပြောချက်)
- ၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
  - (၁) တရုတ်ပြည်ဂန္ထဝင်မြောက်ဆွန်ဇု၏ စစ်ပညာကျမ်း (စံလှိုင်)
  - (၂) ချစ်တပည့်သို့ (ကောင်းသန့်)
- ၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (နားနေခြင်း၏ အကျိုးကျေးဇူး-မောင်ဆုရှင်)
- ၁၂း၃၀ အစာနှင့် အာဟာရ (ပဲနောက်)

**ညနေပိုင်း**

- ၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
- ၁၇း၀၀ တပ်မတော်စာတိုက်
- ၁၇း၁၅ သုတကမ္ဘာ
- ၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
  - (၁) ဘဝချင်းဆုံတွေ့ပါရစေ
  - (၂) ဘဝချင်းဆုံတွေ့ခဲ့သော်
- ၁၈း၄၀ အင်္ဂလိပ်စကားပြောကြမယ် ရွှေမင်းဝန် ဦးဘုန်းမြင့် Better English
- ၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (စာနာတတ်ပြီမို့)
- ၁၉း၄၀ ခေတ်မရွေးသောတေးများ
  - (၁) မွေးလွန်းသည့်ပန်း
  - (၂) နှင်းဆီမလေးချစ်ပုံပြင်
  - (၃) သူနဲ့သာဆိုရင်
- ၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) မောင့်ကိုသူများချစ်မှာစိုးတယ်
  - (၂) ပင်ယံနန်းကပန်းချစ်သူ
  - (၃) ကျွန်မအဆိုတော်တေးသံရှင်




# မြေခြင်းအလှပြုပြင်

**လောင်းလုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့အထွက် ဆိုင်းဘုတ်အနီး လမ်းဘေးဝဲယာတွင် ခရာဝါနှင့် ရွက်လှပန်းပင်များစိုက်ပျိုးပြီး မြေခြင်းအလှပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇူလိုင် ၂၅ ရက်က အမှုဆောင်အရာရှိ ဦးတင်အုံးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးပြည်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် စည်ပင်)





## နှမ်းစပါးစိုက်ကွင်းများ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခြွေလှေ့ အလေအလွင့်မရှိရေးနှင့်မျိုးစပါးဆက်လက်စိုက်ပျိုးရေးကြိုတင်စီမံဆောင်ရွက် ရှင်သန်ဖြစ်ထွန်းသော ခြံစည်းရိုးကြက်ဆူခင်းများအတွင်း ပေါင်းမြက်ရှင်းလင်း

မန္တလေး ဩဂုတ် ၂

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပုနှင့် ကော်မတီဝင်များ၊ ဌာနမှူးများလိုက်ပါလျက် ဇူလိုင် ၁၄ရက် နံနက် ၈နာရီက ပုသိမ်ကြီးမြို့နယ် သမ္မတောကျေးရွာအုပ်စု ကွင်းအမှတ်(၅၄၃) ဝွေကြီးကုန်းကျေးရွာအနီးတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန နှမ်းစပါးစိုက်ခင်းဧက၅၀ ၏ စပါးရိတ်သိမ်းခြွေလှေ့နေမှုလုပ်ငန်းများ၊ ရေတံခွန်တောင်ဒေသ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအမှတ်(၁)အတွင်း စိုက်ပျိုးထားသော ဧက ၁၂၀ ရှိ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းများ ရှင်သန်ဖြစ်ထွန်း အောင်မြင်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ဝွေကြီးကုန်းကျေးရွာအနီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန၏ နှမ်းစပါးရိတ်သိမ်းနေမှုလုပ်ငန်းသို့ ရောက်ရှိလာရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူး ဦးခင်မောင်ဆွေက စပါးစိုက်ကေများအတွင်း စပါးရိတ်သိမ်းစက်၊ စပါးခြွေလှေ့စက်များဖြင့် စပါးရိတ်သိမ်းခြွေလှေ့နေမှု အခြေအနေများကိုလည်းကောင်း **(အပေါ်ပုံ)**၊ တစ်ဧကလျှင် စပါးတင်းထွက်ရှိမှုနှင့် သတ်မှတ်လျာထားချက်ဧက အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မျိုးစပါးဆက်လက်စိုက်ပျိုးနိုင်ရန် ကြိုတင်ဆောင်ရွက်ထားရှိမှု လုပ်ငန်းအစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် စပါးစိုက်ခင်းအတွင်း စပါးရိတ်သိမ်းစက်၊ စပါးခြွေလှေ့စက်များဖြင့် နှမ်းစပါးရိတ်သိမ်းခြွေလှေ့နေမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရိတ်သိမ်းပြီးစပါးများ အလေအလွင့် ပျက်စီးမှုမရှိစေရေးအတွက် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်နှင့် နှမ်းစပါးရိတ်သိမ်းမှုအပြီးတွင် မျိုးစပါးဆက်လက်စိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်စီမံ ဆောင်ရွက်သွားရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူးနှင့် စိုက်ကွင်းတာဝန်ခံများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ရေတံခွန်တောင်ဒေသရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအမှတ် (၁) အတွင်း စိုက်ပျိုးထားသော ဧက ၁၂၀ ရှိ ခြံစည်းရိုးကြက်ဆူပင်များရှင်သန်ဖြစ်ထွန်း အောင်မြင်မှုနှင့် ကြက်ဆူပင်ပျိုးခြံများကိုလည်းကောင်း၊ စိုက်ပျိုးပြီး ခြံစည်းရိုးကြက်ဆူစိုက်ခင်းများအတွင်း ပေါင်းမြက်ပင်များ ရှင်းလင်းဆောင်ရွက်နေမှု လုပ်ငန်းများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ရာသီအလိုက် ဟင်းသီးဟင်းရွက်များ ထပ်မံစိုက်ပျိုးရန် စိုက်ခင်းတာဝန်ခံများအား လုပ်ငန်းလိုအပ်ချက်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးရှေ့သာယာလှပရေးအတွက် မြေယာရှုခင်းအလှ ပြုပြင်ခြင်းလုပ်ငန်းများကို ဇူလိုင် ၁၅ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)

**အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် တောင်သူကုန်းလမ်း အမှတ် ၂၄၄ နေ ဒေါ်သီသီမိသားစုက အလှူငွေကျပ်တစ်သိန်းကို အင်းစိန်မြို့နယ် ကွက်သစ်မာလာရာမဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ အသင်းဥက္ကဋ္ဌဦးမြသင်းနှင့် ဘဏ္ဍာရေးမှူး ဦးမြရှိန်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။** (က-ပ)



## ရွှေတောင်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

**ရွှေတောင် ဩဂုတ် ၄**

၂၀၀၆ခုနှစ် ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်နှင့်ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၃၁ရက်က မြို့နယ်အားကစားကွင်း၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာဓိဋ္ဌာန်များကို ရွတ်ဆိုကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပြိုင်ပွဲကို ဘောလုံးကန်၍ဖွင့်လှစ်ပေးပြီး ပထမပွဲစဉ်အဖြစ် သစ်တိုင်းကျေးရွာအုပ်စု(ခ)အသင်းနှင့် ကြို့ကုန်းကျေးရွာအုပ်စု(က) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကြို့ကုန်းကျေးရွာအုပ်စုအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။ အဆိုပါပြိုင်ပွဲသို့ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ အသင်းပေါင်း ၃၂ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

**ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒလဘမ်းကျေးရွာ ပညာအလင်း(၂) ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရေဒီယိုနှင့် သုတရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁ ရက်က အဆိုပါ ကျေးရွာ စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် မြို့နယ်အရန်မီးသတ် တပ်ရင်းတပ်ခွဲမှူး ဦးလှမြင့်က စာကြည့်တိုက်တာဝန်ခံ ဦးကျော်ထွန်းသို့ ပေးအပ်စဉ်။**

(မြို့နယ် ပြန်/ဆက်)



## ပြန်/ဆက်ညွှန်ချုပ် ဧရာဝတီတိုင်းဝန်ထမ်းများနှင့်တွေ့ဆုံ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

**ပုသိမ် ဩဂုတ် ၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးလိုက်ပါလျက် ဇူလိုင် ၂၈ ရက်က ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်ရုံး စစ်ဆေးခြင်းနှင့် ဧရာဝတီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ တိုင်း၊ခရိုင်ရုံးရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာနမှ မှာကြားချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ဇူလိုင် ၂၉ ရက်က ပုသိမ်ခရိုင် ငွေဆောင်ရုံးသို့ရောက်ရှိပြီး ရုံးဆောက်လုပ်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် ဇူလိုင် ၃၁ နံနက်က တိုင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ဧရာဝတီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး၊ ငါးခရိုင်ဦးစီးအရာရှိများနှင့် မြို့နယ်ဦးစီးမှူးများအားတွေ့ဆုံ၍ ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)** **(တိုင်း ပြန်/ဆက်)**



**ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်သွင်တို့ ဦးဆောင်၍ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နွဲ့နွဲ့ရီတို့ကြီးကြပ်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ဇူလိုင် ၁ရက်က အမှတ်(၁၀)ရပ်ကွက်ရှိ ကျိုက္ကလွန်ဗွန်းဘုရားလမ်းတစ်လျှောက်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရန် ဆောင်ရွက်ကြစဉ်။** (၀၈၅)



## မြစ်မခမြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**သာယာဝတီ ဩဂုတ် ၇**

သာယာဝတီခရိုင်အတွင်းသဘာဝရေပြင်များနှင့် မြစ်ချောင်း အင်းအိုင်များတွင် သားငါး သယံဇာတများ ဖွံ့ဖြိုးကြွယ်ဝစေရေးနှင့် ငါးမျိုး ပြန့်ပွားစေရေးကိုရည်ရွယ်၍ ဇူလိုင် ၂၉ရက်က သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်း၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးစိန်မြင့်၊ မိုးညိုမြို့နယ်နှင့် မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများဖြစ်ကြသော ဦးထွန်းကြည်နှင့် ဦးတင်ဝင်းဦး၊ မိုးညိုမြို့နယ်၊ မင်းလှမြို့နယ်၊ လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးများ၊ အုတ်ဖိုငါးလုပ်ငန်းစခန်း တာဝန်ခံနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့အစည်းများပါဝင်လျက် သာယာဝတီခရိုင်အတွင်းရှိ အင်းများ၏ (ဆုံရပ်)နေရာ မြစ်မခမြစ်အတွင်းသို့ ငါးခုံးမကြီးနှင့် ငါးမြစ်ချင်း ငါးသန်ကောင်ရေ ငါးမျိုးစုံ ဆယ်သိန်းကို စိုက်ထည့်ပေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့် ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပို့ဆောင်နှုတ်ဆက်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ထွက်ခွာကြမည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranond နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ခရီးရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranond နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ယနေ့ နံနက် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ထွက်ခွာသွားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✡



| | |
|---|---|
| **နိုင်ငံရေး ဦးတည်ချက် (၄)ရပ်** | * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး |
| **စီးပွားရေး ဦးတည်ချက် (၄)ရပ်** | * စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး |
| **လူမှုရေး ဦးတည်ချက် (၄)ရပ်** | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး |

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranondနှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယမန်နေ့ညပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(ဓါတ်ပုံ)**

**<u>တက်ရောက်</u>**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ *စာမျက်နှာ ၃ ကော်လံ ၁* ●